MINISTRY OF
Sports and Youth Affairs
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
သတင်းလွှာ
Monthly Newsletter
Volume 2, No. 7, July 2023

# နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧည့်ဝတီအားကစားကွင်းသို့ ရောက်ရှိစစ်ဆေး





● ရန်ကုန်၊ ဇူလိုင်လ(၁၁)ရက်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်ရှိ မေဃဝတီခန်းမ၌ လည်းကောင်း၊ ကမ်းနီတပ်နယ်ရှိ နယ်မြေခံတန်းမြင့်သင်တန်းကျောင်းမှ သန္ဓေအရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သင်တန်းသား စစ်သည်များကို အောင်စစ်သည်ခန်းမ၌ လည်းကောင်း၊ သီးခြားစီ တွေ့ဆုံသည့် ခရီးစဉ်တွင် ဧည့်ဝတီအားကစားကွင်းသို့ ရောက်ရှိစစ်ဆေးရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ




ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်နယ်အဆင့် အားကစားပွဲများကို ကျင်းပနိုင်သည့် မိုးလုံလေလုံ အားကစားရုံ၊ ခေတ်မီပြေးလမ်းနှင့် ပွဲကြည့်စင်ပါ အားကစားကွင်းနှင့် အဆင့်မီရေကူးကန်တို့ တည်ဆောက်နိုင်ရေး တာဝန်ရှိသူများအနေဖြင့် စီမံဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်ကြည့်ရှုအားပေး









● နေပြည်တော်၊ ဇူလိုင်လ(၁၇)ရက်။

၂၀၂၃ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းကနေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဦးမောင်ကို၊ ဒေါက်တာအောင်ကျော်မင်း၊ဒေါက်တာကျော်ထွန်း၊ခွန်စံလွင်၊ ဦးရွှေကြိမ်၊ ဦးရန်ကျော်၊ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဗိုဗီနမ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။



အခမ်းအနားတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြည်နယ်နှင့်တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲကို ၂၀၁၆ခုနှစ်မှစတင်၍ကျင်းပခဲ့ရာ ယခုနှစ်တွင် စတုတ္ထအကြိမ်မြောက်ရောက်ရှိပြီဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် အစွမ်းအစများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး မိမိတို့ကိုယ်စားပြုအသင်းအောင်နိုင်ရေးအတွက် အနိုင်မခံအရှုံးမပေး ဇွဲ၊ စိတ်ဓာတ်အပြည့်ဖြင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်ကစားကြစေလိုကြောင်း၊ အားကစားသမားအချင်းချင်း ချစ်ခင်ရင်းနှီးစွာ ပြောဆိုနေထိုင်ဆက်ဆံပြီး ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ဆောင်ပြသကြစေလိုကြောင်း၊ ပြိုင်ပွဲတွင် တာဝန်ယူ ဆောင်ရွက်ပေးကြမည့် ဒိုင်လူကြီးများအနေဖြင့်လည်း တရားမျှတ မှန်ကန်စွာဆုံးဖြတ်ဆောင်ရွက်ပေးရန်လိုကြောင်း၊

>>






# ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ









● နေပြည်တော်၊ ဇူလိုင်လ(၂၀)ရက်။

၂၀၂၃ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ကျင်းပသည်။

ယနေ့ကျင်းပသည့် ဗိုဗီနမ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဦးမောင်ကို၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးသာဌေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ



တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဗိုဗီနမ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများနှင့်ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ ၂၀၂၃ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲဓားမြောင်ပါ အပြပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦး အမျိုးသားသုံးဦးလက်နက်ပါ အပြပြိုင်ပွဲနှင့် ဗိုလ်လုပွဲစဉ်များဖြစ်သည့် အမျိုးသမီး ၆၅ ကီလိုပြိုင်ပွဲနှင့် အမျိုးသား ၅၅ ကီလိုပြိုင်ပွဲများကို ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါ်နုမြဇံနှင့် ဒေါက်တာဝါဝါမောင်တို့က အမျိုးသား ၅၅ ကီလိုပြိုင်ပွဲနှင့် အမျိုးသမီး ၅၅ ကီလိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို ဆုတံဆိပ်နှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းသိန်းဇံ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာချာလီသန်း

စာမျက်နှာ(၄)သို့ ▶

▶▶

ယခုပြိုင်ပွဲများကတစ်ဆင့် နိုင်ငံတော်က အားထားရမည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားလေ့ကျင့်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးတို့သည် ပြိုင်ပွဲဝင် အားကစားအသင်းများမှ အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ယနေ့ပွဲစဉ်များအဖြစ် အမျိုးသားနှစ်ယောက်တွဲ (အပြ)ပြိုင်ပွဲ၊ အမျိုးသား တစ်ဦးချင်း (အတိုက်)ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လာရောက်ယှဉ်ပြိုင်ကြသည့် ဗိုဗီနမ်အားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရေး၊ ဗိုဗီနမ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ဗိုဗီနမ်အားကစားနည်းကို နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့်လှုပ်ရှားကစားခြင်းဖြင့် မြန်မာနိုင်ငံ၏ ဗိုဗီနမ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဗိုဗီနမ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပပေးခြင်းဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသားအသင်း (၁၃)သင်း၊ အမျိုးသမီးအသင်း (၁၃)သင်း၊ အားကစားသမား စုစုပေါင်း (၂၂၁)ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

■

























စာမျက်နှာ(၃)···မှအဆက်

နှင့် ဦးကိုကိုလှိုင်တို့က အမျိုးသား ၆၀ ကီလိုပြိုင်ပွဲ၊ အမျိုးသမီး ၆၀ ကီလိုပြိုင်ပွဲ၊ အမျိုးသား ၆၅ကီလိုပြိုင်ပွဲနှင့် အမျိုးသမီး ၆၅ ကီလိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးသာဌေးက အမျိုးသားလက်သိုင်းအပြပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကိုဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးရန်ကျော်၊ ဦးရွှေကြိမ်း၊ ခွန်စံလွင်၊ ဒေါက်တာကျော်ထွန်းတို့က အမျိုးသမီးလက်သိုင်းအပြပြိုင်ပွဲ၊ အမျိုးသမီး တစ်ကိုယ်တော် ဓားတစ်လက်ပြိုင်ပွဲ၊ အမျိုးသားတစ်ကိုယ်တော် တုတ်ရှည်ပြိုင်ပွဲနှင့် အမျိုးသမီးနှစ်ယောက်တွဲ ဓားတစ်လက်အတိုက် ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာအောင်ကျော်မင်း၊ ဦးမောင်ကိုနှင့် ဒေါက်တာမှုထန်တို့က အမျိုးသားနှစ်ယောက်တွဲ ဓားရှည်လက်နက်မဲ့ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ ဓားမြောင်ပါ အပြပြိုင်ပွဲနှင့် အမျိုးသမီးတစ်ဦး အမျိုးသားသုံးဦး လက်နက်ပါ အပြပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့်

▶▶


















တတိယဆု ရရှိကြသူများကို ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပိုးရယ်အောင်သိန်းက အမျိုးသား အကောင်းဆုံးအားကစားသမားဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်ကျော်ဇင်မောင်နှင့် အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရ ချင်းပြည်နယ်မှ အိအိမွန်တို့ကို ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်ခွဲဘူက အမျိုးသားတံခွန်စိုက်ဆုဖလား ရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ အမျိုးသမီး တံခွန်စိုက်ဆုဖလားရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့ကို တံခွန်စိုက်ဆုဖလား ပေးအပ်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် ပြိုင်ပွဲဝင် အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲကို ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၃သင်း၊ အမျိုးသမီးအသင်း ၁၃ သင်း၊ အားကစားသမား စုစုပေါင်း ၂၂၂ ဦးတို့ဖြင့် ဇူလိုင် ၁၇ ရက်မှယနေ့အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲဖွင့်ပွဲ တက်ရောက်ကြည့်ရှုအားပေး









● နေပြည်တော်၊ ဇူလိုင်လ(၂၄)ရက်။

၂၀၂၃ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ပြိုင်ပွဲရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဦးမောင်ကို၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲမှထူးချွန်ထက်မြက်သည့် သွေးသစ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲမှတစ်ဆင့် သွေးသစ်လူငယ်ဘောလုံးသမားများကို ရွေးချယ်လေ့ကျင့်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားပါကြောင်း၊ ထို့ကြောင့် ပြိုင်ပွဲ၏အနှစ်သာရများ အကောင်အထည် ပေါ်လာအောင် တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အားကစားသမားများက အားကစား သစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးတို့သည် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ယနေ့အမျိုးသားပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အသင်းတို့၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲကို ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ လာရောက်ယှဉ်ပြိုင်ကြသည့် ဖူဆယ်အားကစားသမားများ အချင်းချင်း သွေးစည်းညီညွတ်မှုခိုင်မာလာစေရေး၊ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားလာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဖူဆယ်အားကစားနည်းများပြန့်ပွားလာစေရေး၊ လူငယ်များ ဖူဆယ်အားကစားနည်းကို ပိုမိုစိတ်ဝင်စားလာစေရေးနှင့် မြန်မာ့ဖူဆယ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲကို ဇူလိုင် ၂၄ ရက်မှ ၃၁ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ပြိုင်ပွဲရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၅ သင်း၊ အမျိုး သမီးအသင်း ၁၁ သင်း၊ အားကစားသမားစုစုပေါင်း ၃၅၀ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းနှင့် စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။





# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်အားပေး













● နေပြည်တော်၊ ဇူလိုင်လ(၃၁)ရက်။

၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ (၁) နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ပြိုင်ပွဲရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဒေါ်အဲ့ဘူ၊ ဒေါက်တာမှုထန်၊ ဦးမောင်ကို၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီး အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီး အသင်းက ရှမ်းပြည်နယ်အသင်းကို ၄ ဂိုး ၂ ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အမျိုးသမီး ဖူဆယ်ပြိုင်ပွဲတွင် အမျိုးသမီး အကောင်းဆုံး ဂိုးသမားဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ မမေကြူအောင်နှင့်အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရရှိသည့် မဇွန်သဲဦးတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာအောင်ကျော်မင်းက အမျိုးသမီးပြိုင်ပွဲတွင် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ခွန်စံလွင်က အမျိုးသမီး ဖူဆယ်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်းက အမျိုးသမီး ဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အဲ့ဘူက အမျိုးသမီး ဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် အမျိုးသားအကောင်းဆုံး ဂိုးသမားဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ မောင်စိုးမြတ်ထွေးနှင့် အမျိုးသား အကောင်းဆုံး အားကစားသမားဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ မောင်စည်သူအောင်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးရွှေကြိမ်းက အမျိုးသားဖူဆယ်ပြိုင်ပွဲတွင်

စာမျက်နှာ(၈)သို့

# ၂၀၂၃ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကျင်းပ





● နေပြည်တော်၊ ဇူလိုင်လ(၂)ရက်။

မျိုးဆက်သစ် ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၃ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပခဲ့သည်။

နံနက်ပိုင်းတွင် အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ပညာရေးဝန်ကြီးဌာန(က) အသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပညာရေးဝန်ကြီးဌာန(က)အသင်းက နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းကို (၄)ဂိုး (၃)ဂိုးဖြင့် လည်းကောင်း၊ မွန်းလွဲ(၃)နာရီအချိန်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

▶▶













▶ စာမျက်နှာ(၇)...မှအဆက်

တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာမူထန်က အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကိုက အမျိုးသားဖူဆယ် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးဝဏ္ဏမောင်လွင်က ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

■

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် GENDER/ CEDAW/ NSPAW/ UNSCR 1325 အသိပညာပေး သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ





● နေပြည်တော်၊ ဇူလိုင်လ(၁၈)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် GENDER/ CEDAW/ NSPAW/UNSCR 1325အသိပညာပေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်(၉)နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ Multipurpose Hall ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးလှိုင်၊ ဒေါက်တာစိုးဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏က အဖွင့်အမှာစကား ပြောကြားရာတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနအနေဖြင့် လူငယ်မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ထမ်းများအနေဖြင့် အမျိုးသမီးများ၏ အခန်းကဏ္ဍများကိုပိုမိုသိရှိနားလည်စေရန် လူငယ်မူဝါဒ၏ကဏ္ဍတစ်ခုဖြစ်သည့် ကျား/မ တန်းတူညီမျှမှုရရှိစေရေး အမျိုးသမီးငယ်များအားလုံး စွမ်းပကားတိုးမြှင့်စေရေးတို့ကို ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ ယခုသင်တန်းအား ဖွင့်လှစ်ပေးရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံနှင့်လူမျိုးအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး နယ်ပယ်အသီးသီးတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ ရင်ဘောင်တန်းပြီး လွတ်လပ်စွာ ပါဝင်ဆောင်ရွက်လျက်ရှိကြသည့်အတွက် စီးပွားရေး၊ လူမှုရေး နယ်ပယ်များနှင့် အသိပညာ၊ အတတ်ပညာ၊ အနုပညာဆိုင်ရာနယ်ပယ်များတွင် ထူးချွန်ထက်မြက်ပြီး ဂုဏ်ယူဖွယ်၊ စံပြအားထားဖွယ် အမျိုးသမီးများ များစွာပေါ်ထွက်ခဲ့ပါကြောင်း၊ အမျိုးသမီးများအနေဖြင့် အခြေခံအကျဆုံးဖြစ်သည့် မိသားစုတာဝန်မှစ၍ ကဏ္ဍစုံ၊ နယ်ပယ်စုံများတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ

စာမျက်နှာ(၁၀)သို့ ▶





▶▶

အသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းကို ပင်နယ်တီ အဆုံးအဖြတ်(၅)ဂိုး (၄)ဂိုးဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြသည်။



အဆိုပါ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များသို့ ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ လာရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

■

# ၂၀၂၃ ခုနှစ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ငါးမျိုးစိတ်ထည့်ပွဲ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ဝန်ကြီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ







● နေပြည်တော်၊ ဇူလိုင်လ(၂၀)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၃ခုနှစ်၊ ငါးမျိုးစိတ်ထည့်ပွဲ၊ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲနှင့် ဝန်ကြီးဌာန (၂)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပခဲ့သည်။

ဦးစွာ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ကန်အမှတ်(၁)၌ ငါးမျိုးစိတ်ထည့်ခြင်းအခမ်းအနားကို ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများက ငါးကြင်းသားပေါက်များကို ဦးစွာ ငါးမျိုးစိတ်ထည့်ခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း/အမှုထမ်းများမှ ကန်အတွင်းသို့ ငါးကြင်းသားပေါက်ကောင်ရေ(၁၅၀၀၀)





စာမျက်နှာ(၉)...မှအဆက်

သည် တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်မြင့်မားနေသည်ကို တွေ့မြင်နေရပါကြောင်း၊ နိုင်ငံတကာနှင့်အာဆီယံဒေသအဆင့်တွင် မြန်မာနိုင်ငံ၏ အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကတိကဝတ်ပြုမှုများကို အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့်ဒေသဆိုင်ရာ ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်နေမှုများကို သိရှိရပါကြောင်း၊ ၂၀၂၃ခုနှစ်၊ မတ်လ(၈)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့၏ "ကျား/မ တန်းတူညီမျှဖို့ နည်းပညာနှင့် ဆန်းသစ်စို့"ဆောင်ပုဒ်ကလည်း အမျိုးသမီးများနှင့် ထိခိုက်လွယ်အုပ်စုများကို နည်းပညာလက်လှမ်းမီ ရရှိစေခြင်းဖြင့် အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြစ်ပြီး ကျား/မတန်းတူညီမျှမှု ပိုမိုမြှင့်တင်ပေးစေနိုင်မည့် အလားအလာကောင်းများကိုလည်း ဖြစ်ပေါ်စေနိုင်ပါကြောင်း၊



အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနအနေဖြင့် လူငယ်များဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် လူငယ်ရေးရာမူဝါဒများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး မူဝါဒတွင်ပါရှိသည့် ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေးကဏ္ဍ၊ ကျား/မ ညီမျှမှုကဏ္ဍနှင့် ဆုံးဖြတ်ချက်ချရမည့် အခန်းကဏ္ဍများ၌ အမျိုးသမီးများ၏ ခေါင်းဆောင်မှုနှင့် ရပိုင်ခွင့်များကို တန်းတူအခွင့်အရေးပေးရန်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် မျှတသော ဖွံ့ဖြိုးတိုးတက်မှုများအတွက် အမျိုးသားနှင့် အမျိုးသမီးများအကြား ထိရောက်စွာ မိတ်ဖက်ပြုဆောင်ရွက်သော အလေ့အထကို တိုးမြှင့်ခြင်းဖြင့် နှစ်ဦးနှစ်ဘက်အကျိုးရှိကြောင်း သိရှိလာစေရန်အတွက် လူငယ်မူဝါဒတွင် အမျိုးသမီးကဏ္ဍများကို ထည့်သွင်းရေးဆွဲပြီးအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ မိသားစု၊ လူ့အဖွဲ့အစည်းများမှတဆင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအတွက် ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရေးကို ဆောင်ရွက်နေကြပြီဖြစ်ပြီး အမျိုးသမီး၊ အမျိုးသားအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကာ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် အမျိုးသမီးထုကြီး၏ အင်အားဖြင့် အကောင်အထည်ဖော်ကြရန်နှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို အလေးထားဆောင်ရွက်ပြီး စွမ်းဆောင်ရည်များ မြှင့်တင်ပေးနိုင်စေရန် ရည်ရွယ်၍ ယခုသင်တန်းအား ပူးပေါင်း ဖွင့်လှစ်သင်ကြားပေးသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

အဆိုပါသင်တန်းအား လူမှုဝန်ထမ်းဦးစီးဌာနမှ သင်တန်းနည်းပြဆရာမ(၅)ဦးတို့က ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လူငယ်ရေးရာဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ သင်ကြားပို့ချပေးသွားမည်ဖြစ်ရာ လူငယ်ရေးရာဦးစီးဌာနမှ သင်တန်းသား/သင်တန်းသူ(၃၀)ဦး တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

















ခန့်ကို ငါးမျိုးစိုက်ထည့်ခဲ့ကြပါသည်။ ၎င်းနောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအား ဝဏ္ဏသိဒ္ဓိ အားကစားကွင်းပရိဝုဏ်အတွင်း၌ ဆက်လက်ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် အရာထမ်း/အမှုထမ်းများမှ စိန်တစ်လုံးသရက်ပျိုးပင်ပေါင်း (၁၃၀၀)ခန့်ကို သတ်မှတ်နေရာအသီးသီးတွင် စိုက်ပျိုးပေးခဲ့ကြသည်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ကျင်းပသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန(၂)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက တက်ရောက်အဖွင့်အမှာစကားပြောကြားရာတွင် ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်နေ့တွင် အားကစားဝန်ကြီးဌာနကိုစတင်ဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်၊မေလမှစတင်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဟူ၍ ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၁)ရက်နေ့မှ စတင်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအဖြစ် ပြင်ဆင်ပြောင်းလဲ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းသည် ယနေ့ဆိုလျှင် (၂)နှစ်ပြည့်မြောက်ခဲ့ပြီးဖြစ်ကြောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ အားကစားကဏ္ဍဆောင်ရွက်မှုများအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ နိုင်ငံတော်၏ အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးနှင့် အရှေ့တောင်အာရှ၊ အာရှနှင့်ကမ္ဘာ့နိုင်ငံများအကြား

စာမျက်နှာ(၁၂)သို့













စာမျက်နှာ(၁၁)・・・မှအဆက်

အဆင့်အတန်းမြင့်မားစွာ ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရရှိရေးတို့အား တစ်နိုင်ငံလုံး အတိုင်းအတာအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မျိုးဆက်သစ် အားကစားသမားများစွာ ပေါ်ထွက်လာစေရေးအတွက် မြန်မာအားကစားအဖွဲ့ချုပ်များဖြင့်ပူးပေါင်း၍ လူရွေးချယ်ရေး၊ လေ့ကျင့်ရေး၊ အောင်နိုင်ရေးအတွက် ရေတိုရေရှည်စီမံချက်များ ချမှတ်ကာ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း၊ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် အားကစားနှင့်ကာယပညာသိပ္ပံကျောင်း(၆)ကျောင်း အပြင် စစ်တွေမြို့နှင့် ဟားခါးမြို့တို့တွင် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများ ထပ်မံဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းရေးရာအနေဖြင့် အားကစားလုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဝန်ထမ်းသားသမီးများ၏ ပညာသင်နှစ်အလိုက် ပညာသင် ထောက်ပံ့ပေးခြင်းများကိုလည်း နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လူငယ်ရေးရာကဏ္ဍ ဆောင်ရွက်မှုများအနေဖြင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များနှင့်အညီ လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိလက်အောက် ဝန်ထမ်းများအပေါ်တွင်လည်း ညီအစ်ကို၊ မောင်နှမသဖွယ် ဆက်ဆံရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပေးအပ်ထားသည့် တာဝန်များကို မိမိကျရာအခန်းကဏ္ဍမှ မိသားစုစိတ်ဓာတ်နှင့် စည်းကမ်းရှိရှိ၊ တာဝန်သိသိ၊ စည်းလုံးပျော်ရွှင်စွာဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်ရရှိခဲ့ကြသူများ၊ ၂၀၂၂-၂၀၂၃ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား/ကျောင်းသူများ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ဝန်ထမ်းသားသမီးများအတွက် ထောက်ပံ့ကြေးငွေများ၊ သင်တန်းအသီးသီးတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းများအား ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများက ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ပညာသင်ထောက်ပံ့ကြေးများကို အသီးသီး ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ဆုရကျောင်းသား/ကျောင်းသူများကိုယ်စား (၅)ဘာသာ ဂုဏ်ထူးရှင် မဟန်နီရဲဝင်းမှ ကျေးဇူးတင်စကား ပြောကြားခဲ့ပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အားကစားကဏ္ဍနှင့် လူငယ်ရေးရာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Vinay Kumur ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲ (၁)နာရီတွင် ရုံးအမှတ်(၃၁)၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။




















တွေ့ဆုံစဉ် အိန္ဒိယအစိုးရနှင့် ပူးပေါင်း၍ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်လာစေရေးကိစ္စရပ်များ၊ မြန်မာအားကစားသမားများ အိန္ဒိယနိုင်ငံသို့ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်နိုင်ရေးနှင့် အိန္ဒိယနိုင်ငံမှ နည်းပြများ မြန်မာနိုင်ငံသို့ လာရောက် လေ့ကျင့်သင်ကြားပေးနိုင်ရေး ကိစ္စရပ်များအား လည်းကောင်း၊ အိန္ဒိယ-မြန်မာမှ လူငယ်များဘက်စုံ



ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် ဆက်လက်ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ လဲလှယ်ခဲ့ကြောင်း သိရသည်။

# မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်၏ နှစ်(၇၀)ပြည့် အထိမ်းအမှတ်ပွဲအခမ်းအနားကျင်းပ










● နေပြည်တော်၊ ဇူလိုင်လ(၂၅)ရက်။

မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်၏ နှစ်(၇၀)ပြည့်အထိမ်းအမှတ်ပွဲ အခမ်းအနားကို ယနေ့နံနက်(၉)နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရိုးရာခြင်းလုံးပညာရှင်ကြီးများနှင့် ခြင်းလုံးအားကစား ဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့ရိုးရာ အားကစားနည်းများအနက်မှ ခြင်းလုံးအားကစားနည်းသည် အထင်ရှားဆုံးအားကစားနည်းတစ်ခုဖြစ်ပြီး ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်စေသည့် အားကစားနည်းလည်းဖြစ်ပါကြောင်း၊ ရိုးရာခြင်းလုံး အားကစားနည်း တိုးတက်အောင်မြင်စေရန်အတွက် ၁၉၅၃ ခုနှစ်၊ ဇူလိုင်(၁၀)ရက်နေ့မှစ၍ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ကို စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ခြင်းလုံးအားကစားနည်း၏ "အပေးအယူ လွန်ကြည်ဖြူ ခြင်းမူစာဂမျှစိတ္တ"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ခြင်းလုံးခတ်ကစားခြင်းဖြင့် ရိုင်းပင်းကူညီလိုစိတ်နှင့် စုပေါင်းလုပ်ကိုင်မှုစိတ်ဓာတ်များ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ခြင်းလုံးအားကစားနည်းကို ပြည်တွင်းမှာသာမက ပြည်ပနိုင်ငံများအထိ တိုးတက်ပြန့်ပွားစေရေးအတွက် အခြေခံပညာကျောင်းများတွင်မြန်မာ့ရိုးရာခြင်းလုံးသင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် ပြည်တွင်းပြိုင်ပွဲများ ကျင်းပပေးခြင်းများကို ဆောင်ရွက်ပေး

▶▶











လျက်ရှိပါကြောင်း၊ ၂၀၁၃ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရိုးရာခြင်းလုံးအားကစားနည်းကို ပထမဆုံးအကြိမ် ထည့်သွင်းကျင်းပခဲ့ပြီး ရွှေတံဆိပ်(၆)ခုကိုမြန်မာနိုင်ငံအတွက် ဆွတ်ခူးရယူပေးနိုင်ခဲ့ပါကြောင်း၊အလားတူ(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်(၂)ခု၊ (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်(၂)ခုနှင့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ




အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်(၄)ခု၊ ငွေတံဆိပ်(၃)ခုနှင့် ကြေးတံဆိပ်(၁)ခု ရယူပေးနိုင်ခဲ့ပြီး ခြင်းလုံးအားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ပေးနိုင်ခဲ့ပါကြောင်း၊ ယခုကျရောက်သည့် နှစ်(၇၀)ပြည့်မှသည် ရာတုအဆက်ဆက်တိုင်အောင် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းအား အရှေ့တောင်အာရှအဆင့်မှ အာရှအဆင့်၊ ကမ္ဘာ့အဆင့်များအထိ တိုးတက်ပြန့်ပွားစေရေးအတွက် ရိုးရာခြင်းလုံးအဖွဲ့ချုပ်နှင့် တာဝန်ရှိသူများမှ ဆက်လက်ကြိုးပမ်း သွားကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်နာယက ဦးစိုးတင့်မှ ရိုးရာခြင်းလုံး အားကစားနည်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး မြန်မာနိုင်ငံရိုးရာ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်မှ ကျေးဇူးတင်စကားပြောကြားခဲ့ပြီးနောက် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ

စာမျက်နှာ(၁၆)သို့










# ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ် ဆက်လက်ကျင်းပ










● နေပြည်တော်၊ ဇူလိုင်လ(၂၅)ရက်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ ဖူဆယ်အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရေးနှင့် ဖူဆယ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက် (၇)နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် (အမျိုးသမီး)ပွဲစဉ်အဖြစ် တနင်္သာရီတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးကို (၃)ဂိုး(၁)ဂိုးဖြင့် လည်းကောင်း၊ အမျိုးသားပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီး အသင်းက

▶▶







▶ စာမျက်နှာ(၁၅)...မှအဆက်

အသက်(၇၀)နှစ်နှင့်အထက် ရိုးရာခြင်းလုံးပညာရှင်များအား ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများမှ အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရိုးရာခြင်းလုံးအဖွဲ့များ၏ ခြင်းလုံးအလှပြခတ် ကစားနေမှုများအား ကြည့်ရှုအားပေးခဲ့ပြီး တစ်ကိုယ်တော်စွမ်းရည်ပြ (တစ်ပင်တိုင်) သရုပ်ပြသခဲ့သည့် မစုတွယ်တာအား မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူက ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်(၁)သိန်းအား ပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက သရုပ်ပြအဖွဲ့များအား တစ်ဖွဲ့လျှင် ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်(၁)သိန်းနှုန်းဖြင့် စုစုပေါင်းချီးမြှင့်ငွေကျပ်(၆)သိန်းအား ထပ်ဆောင်းချီးမြှင့်ခဲ့သည်။



ယင်းနောက် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပလျက်ရှိသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်(အမျိုးသား) ပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်တွင် ကချင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့၏ယှဉ်ပြိုင်ကစားနေမှုများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများမှ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

# မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ရုပ်ရှင်ဂီတ အနုပညာရှင်များအသင်းနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာညွှန့်ပေါင်းအသင်းတို့ ဘောလုံးပြိုင်ပွဲကျင်းပ









● ကချင်၊ ဇူလိုင်လ(၂)ရက်။

မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ရုပ်ရှင်ဂီတအနုပညာရှင်များအသင်းနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာညွှန့်ပေါင်းအသင်းတို့ ပူးပေါင်းကျင်းပသည့် ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ (၂း၀၀)နာရီအချိန်တွင် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ ကချင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် သီရိပျံချီ ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံကျော် ရုပ်ရှင်အနုပညာရှင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ပြီး ပြိုင်ပွဲမစတင်မီ နိုင်ငံကျော် အဆိုတော်များဖြစ်သည့် ယုန်လေး၊ ဆိုတေး၊ အစ္စဏီ၊ Dဖြိုး၊ မိုးယံဇွန်၊ Ice Cold၊MRTV မင်းသားချော ကျော်ကျော်၊ မာန်ဟိန်း၊ ဂျင်းနီနှင့် အနုပညာရှင်များမှ ညနေ(၂း၀၀) အချိန်မှစတင်၍ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြပါသည်။

ထို့နောက် ကချင်ပြည်နယ်ဝန်ကြီးချုပ်မှ Music United FC အသင်းအား အမှတ်တရပန်းခြင်း၊ ကချင်တိုင်းရင်းသား ဝတ်စုံများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ပြီးနောက် ဒိုင်လူကြီးမှဦးဆောင်၍ ကွင်းအတွင်းသို့ဝင်ရောက်နေရာယူပြီး၊ ဒိုင်လူကြီးနှင့် ပြိုင်ပွဲဝင်နှစ်ဖက်အသင်းအား ပန်းစည်းဆက်၍ ပြိုင်ပွဲအား စတင်ယှဉ်ပြိုင်ကစားခဲ့ကြရာ Music United FC အသင်းမှ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာညွှန့်ပေါင်းအသင်းအား (၂)ဂိုး(၀)ဂိုးဖြင့် အနိုင်ရရှိခဲ့သဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်မှ Music United FC အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ဂုဏ်ပြုလက်ဆောင်များကို အမှတ်တရပေးအပ်ခဲ့ပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရှိရသည်။

■

---

ကရင်ပြည်နယ်အသင်းကို(၆)ဂိုး (၂)ဂိုးဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် တစ်ဖက်(၃)ဂိုးစီ သရေ ရလဒ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို (၄)ဂိုး (၂)ဂိုးဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီ နယ်မြေအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို (၆)ဂိုး (၃)ဂိုးဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို (၃)ဂိုးပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်(၁)ဂိုးစီသရေ ရလဒ်ဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

ဇူလိုင်(၂၆)ရက်နေ့အုပ်စုပြိုင်ပွဲပွဲစဉ်များအဖြစ် နံနက်(၇)နာရီမှစတင်၍ အမျိုးသမီးပွဲစဉ်များတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ ကချင်ပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီး အသင်း၊ အမျိုးသားပွဲစဉ်များတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်ပြီး ဖူဆယ်အားကစားကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းသိရသည်။

# ၂၀၂၃ ခုနှစ်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ













● ကရင်၊ ဇူလိုင်လ(၃)ရက်။

၂၀၂၃ ခုနှစ်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၉)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ (၃း၃၀)နာရီအချိန်တွင် ဘားအံမြို့ ဇွဲကပင် အားကစားကွင်း(လှာကမြင်)၌ ကျင်းပပြုလုပ်ရာ ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်ဇနီး၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ကရင်ပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘောလုံး ဆပ်ကော်မတီဝင်များနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်အားပေးခဲ့ကြပါသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်မှ အဖွင့်မိန့်ခွန်းမြွက်ကြား၍ ပြိုင်ပွဲအခမ်းအနားအား ဖွင့်လှစ်ပေးခဲ့ပါသည်။ ထို့နောက် စစ်ကြောင်းမှူးမှ အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက်ရွတ်ဆိုခဲ့ပြီးနောက် ဝန်ကြီးချုပ်မှ အထက (၃) ဘင်ခရာနှင့် ပန်းပွားအဖွဲ့အား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ပေးခဲ့ပါသည်။

ထို့နောက် အုပ်စုပွဲစဉ်(၁)အဖြစ် ကော့ကရိတ်မြို့နယ် အသင်းနှင့် ကြာအင်းဆိပ်ကြီးမြို့နယ် အသင်းမှ အားကစားသမားများနှင့် ပြိုင်ပွဲအား တာဝန်ယူ ဆောင်ရွက်မည့် ဒိုင်များအား ဘောလုံးပရိသတ်များနှင့် မိတ်ဆက်ပေးပြီးနောက် ယှဉ်ပြိုင်ကစားကြရာ ကော့ကရိတ်မြို့နယ် အသင်းမှ ၁၄း၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ပါသည်။

အဆိုပါပြိုင်ပွဲကို (၃.၇.၂၀၂၃) ရက်နေ့မှ (၁၂.၇.၂၀၂၃)ရက်နေ့ အထိပြိုင်ပွဲဝင်အသင်း(၇)သင်း၊ အားကစားသမား(၁၂၆)ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ရှစ်ခရိုင် အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲကျင်းပ






● ပုသိမ်၊ ဇူလိုင်လ(၅)ရက်။

ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့်မှသည် နိုင်ငံ့လက်ရွေးစင်များအထိ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အားကစားသမားများ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ရှစ်ခရိုင် အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ကိုးသိန်းအားကစားကွင်း၌ ပြုလုပ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့ကျင်းပသည့် ဘောလုံးပြိုင်ပွဲအား ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အသီးသီးမှ ဘောလုံးအားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရေး၊ ခရိုင်တစ်ခုနှင့်တစ်ခု အပြန်အလှန် ပူးပေါင်းဆောင်ရွက်လာနိုင်စေရေး အစရှိသည့် ရည်ရွယ်ချက်များအပြင် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု ထူးချွန်ထက်မြက်သည့် အမျိုးသမီးဘောလုံးအားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးကိုရည်ရွယ်ပြီး ကျင်းပသည့် ပြိုင်ပွဲဖြစ်ပါကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် မိမိတို့ခရိုင်၊ မိမိတို့ တိုင်းဒေသကြီး၏ဂုဏ်ကို ဆောင်နိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်အောင် ကြိုးစားဆောင်ရွက်ရန် လိုပါကြောင်း တိုက်တွန်းမှာကြား၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ရှစ်ခရိုင် အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ စစ်ကြောင်းမှူး ဦးဆောင်သည့် ပြိုင်ပွဲဝင်အသင်းများက ဝန်ကြီးချုပ်အား အလေးပြုခြင်းနှင့် အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက်အား ရွတ်ဆိုခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး ပြိုင်ပွဲဝင် အသင်းများက ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဖွင့်ပွဲစဉ်အဖြစ် ကျုံပျော်ခရိုင်အသင်းနှင့် ပုသိမ်ခရိုင်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါ ဘောလုံးပွဲစဉ်များအား ယခုလ ၅ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ■

# ၂၀၂၃-ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ




● စစ်ကိုင်း၊ ဇူလိုင်လ(၇)ရက်။

၂၀၂၃ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ (၄း၀၀)နာရီအချိန် မုံရွာမြို့ တိုင်းဒေသကြီး အားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။


ပြိုင်ပွဲတွင် အမျိုးသမီးတံခွန်စိုက် တတိယဆုကို မုံရွာမြို့နယ်မှ လည်း

စာမျက်နှာ(၂၁)သို့ ▶

# ၂၀၂၃ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ကျင်းပ
















● မန္တလေး၊ ဇူလိုင်လ(၉)ရက်။

၂၀၂၃ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲကို ယနေ့တွင် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ရာ အဆိုပါပြိုင်ပွဲသို့ မြို့နယ်များမှ ပြိုင်ပွဲဝင် အားကစားသမား (၈၀)ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။

အဆိုပါပြိုင်ပွဲသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီ နာယက တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ဇနီး ဒေါ်မမ၊ တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားအသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ပရိသတ်အင်အား စုစုပေါင်း(၃၀၀)ဦး တက်ရောက်ခဲ့ပြီး ပြိုင်ပွဲအား နေ့လယ်(၁၂း၀၀)နာရီအချိန်တွင် စတင်ကျင်းပ ပြုလုပ်ခဲ့ပါသည်။

ဆက်လက်၍ ပြိုင်ပွဲအားကျင်းပပြုလုပ်ခဲ့ရာ ဆုချီးမြှင့်ပွဲအခမ်းအနားကို ညနေ(၄း၃၀)နာရီတွင် ကျင်းပပြုလုပ်ခဲ့ပြီး ဆုရရှိသောအားကစားသမားများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီ နာယက တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ဇနီး ဒေါ်မမ၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့်ဇနီးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများမှ ဆုတံဆိပ်နှင့် ပထမဆု ကျပ်(၂)သိန်းစီ၊ ဒုတိယဆု ကျပ်(၁)သိန်း(၅)သောင်းစီနှင့် တတိယဆု ကျပ်(၁)သိန်းစီဖြင့် စုစုပေါင်းငွေသားဆု ကျပ်(၅၄)သိန်းကို ချီးမြှင့်ပေးအပ်ခဲ့ပြီး ရွှေတံဆိပ်ဆုရ အားကစားသမားများအား တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်ဇနီးမှ ကျပ်(၁၂)သိန်း၊ အလှူရှင်မှ ကျပ်(၁၂)သိန်း စုစုပေါင်း ကျပ်(၂၄)သိန်းကို ထပ်လောင်းချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

# ၂၀၂၃ ခုနှစ်၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

● မကွေး၊ ဇူလိုင်လ(၁၀)ရက်။

၂၀၂၃ ခုနှစ်၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်(၈)နာရီအချိန်က မကွေးခရိုင် အားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် သီရိပျံချီဦးတင့်လွင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ နာယက ဒေါ်ဝင်းဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာနှင့်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ လူငယ်မောင်မယ်များ၊ အားကစားဝါသနာရှင်များနှင့် ပြိုင်ပွဲဝင် ကစားသမားများ တက်ရောက်ခဲ့ကြသည်။

စာမျက်နှာ(၂၂)သို့











စာမျက်နှာ(၁၉)···မှအဆက်

ကောင်း၊ အမျိုးသမီး တံခွန်စိုက် ဒုတိယဆုကို အင်းတော်မြို့နယ်မှလည်းကောင်း၊ အမျိုးသမီးတံခွန်စိုက် ပထမဆုကို ဟုမ္မလင်းမြို့နယ်မှလည်းကောင်း၊ အမျိုးသားတံခွန်စိုက် တတိယဆုကို စစ်ကိုင်းမြို့နယ်မှလည်းကောင်း၊ အမျိုးသားတံခွန်စိုက် ဒုတိယဆုကို မုံရွာမြို့နယ်မှ လည်းကောင်း၊ အမျိုးသား တံခွန်စိုက် ပထမဆုကို ဝက်လက်မြို့နယ်တို့မှ ရရှိခဲ့ကြပြီး အမျိုးသား/အမျိုးသမီး စုပေါင်းတံခွန်စိုက်ဆုကို အင်းတော်မြို့နယ်မှလည်းကောင်း ရရှိခဲ့ရာ အဆိုပါ ဆုရရှိခဲ့သည့်အသင်းများအား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်တို့မှ ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။



















စာမျက်နှာ(၂၁)…မှအဆက်

ဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က အဖွင့်အမှာစကား ပြောကြား၍ ၂၀၂၃ခုနှစ်၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား အသက်(၂၅)နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ် ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့ပြီး ပထမနေ့ ပွဲစဉ်အဖြစ် အမျိုးသား/အမျိုးသမီး မီတာ(၁၅၀၀) အပြေးပြိုင်ပွဲ၊ အမျိုးသား အလျားခုန်ပြိုင်ပွဲ၊ အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ(၄၀၀) အပြေးပြိုင်ပွဲ လူရွေးပွဲနှင့် အမျိုးသား သံပြားဝိုင်းပစ် ပြိုင်ပွဲများ ကျင်းပဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာသည့်အဖွဲ့များမှ ကြည့်ရှုအားပေးခဲ့ကြပါသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ဇူလိုင်လ (၇)ရက်နေ့တွင် ကျင်းပပြုလုပ်ရာ အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသော တောင်တွင်းကြီးမြို့နယ်၊ ကံမမြို့နယ်နှင့် စလင်းမြို့နယ်အသင်းတို့အား တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ နာယက ဒေါ်ဝင်းဝင်းမြင့်မှ တစ်ဦးချင်းဆုတံဆိပ်၊ဆုကလပ်နှင့်ငွေသားဆုများအား လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော သရက်မြို့နယ်၊ အောင်လံမြို့နယ်၊ မြို့သစ်မြို့နယ် အသင်းနှင့် အမျိုးသား/အမျိုးသမီး စုပေါင်းတံခွန်စိုက်ဆုရရှိသော သရက်မြို့နယ်အသင်းတို့အား တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်ကိုကိုမှ တစ်ဦးချင်း ဆုတံဆိပ်၊ ဆုကလပ်နှင့် ငွေသားဆုများအားလည်းကောင်း အသီးသီးပေးအပ် ချီးမြှင့်ခဲ့ကြပါသည်။







# ၂၀၂၃ ခုနှစ်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ













● ကရင်၊ ဇူလိုင်လ(၁၂)ရက်။

၂၀၂၃ ခုနှစ်၊ ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၉)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ(၃း၀၀)နာရီအချိန်တွင်ဘားအံမြို့ ဇွဲကပင်(လှာကမြင်)အားကစားကွင်းတွင် ကျင်းပပြုလုပ်ခဲ့ပြီး၊ အခမ်းအနားသို့ ကရင်ပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ကရင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ ပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား/သင်တန်းသူများ၊ ပြည်နယ် ဘောလုံးဆပ်ကော်မတီဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြပါသည်။



ဆက်လက်ပြီး ဆုများ ချီးမြှင့်ရာတွင် ကြက်ခြေနီတပ်ဖွဲ့ဂုဏ်ပြုငွေအား ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီး၏ ဇနီးမှလည်းကောင်း၊ ဒိုင်လူကြီးအဖွဲ့ ဂုဏ်ပြုငွေအား ကရင်ပြည်နယ် အစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး၏ ဇနီးမှလည်းကောင်း၊ အကောင်းဆုံးအားကစားသမားဆုအား ကရင်ပြည်နယ် အစိုးရအဖွဲ့၊ သယံဇာတရေးရာဝန်ကြီး၏ဇနီးမှလည်းကောင်း၊ တတိယဆုရရှိသော လှိုင်းဘွဲ့မြို့နယ် အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို ကရင်ပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး၏ ဇနီးမှလည်းကောင်း၊ ဒုတိယဆုရရှိသော ကော့ကရိတ်မြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ ဇနီးမှလည်းကောင်း၊ ပထမဆုရရှိသော ဘားအံမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို ကရင်ပြည်နယ် ဥပဒေချုပ် ဦးရဲလွင်မှလည်းကောင်း၊ ဂိုးသမားအကောင်းဆုံး အားကစားသမားဆု

စာမျက်နှာ(၂၄)သို့ ▶

# ၂၀၂၃ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား၊ မြို့နယ်အလိုက် အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ









● တောင်ကြီး၊ ဇူလိုင်လ(၁၂)ရက်။

၂၀၂၃ခုနှစ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား၊ မြို့နယ်အလိုက် အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇူလိုင်(၁၂)ရက် မွန်းလွဲ(၂)နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်မှ လာရောက်၍ ကျွမ်းဘားအားကစားနည်းများ သရုပ်ပြသနေမှုကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်းတို့က မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ် နာယက ဦးမြင့်အောင်နှင့် သရုပ်ပြသပေးသော ကျွမ်းဘားအဖွဲ့၊ ပွဲစ ပွဲဆုံး ကူညီဆောင်ရွက်ပေးသော ကြက်ခြေနီတပ်ဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲတွင် နောက်ဆုံးဗိုလ်လုပွဲအဖြစ်တာချီလိတ်မြို့နယ်အသင်းနှင့် ညောင်ရွှေမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်တရားလွှတ်တော်






စာမျက်နှာ(၂၃)···မှအဆက်

အား ကရင်ပြည်နယ် အစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးရာ ဝန်ကြီး ရဲမှူးကြီးခင်ဇော်မှ လည်းကောင်း၊ နောက်တန်းအကောင်းဆုံး အားကစားသမားဆုအား ကရင်ပြည်နယ် အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးစိုးလွင်မှလည်းကောင်း၊ အလယ်တန်း အကောင်းဆုံး အားကစားသမားဆုအား ကရင်ပြည်နယ်အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းမှလည်းကောင်း၊ ရှေ့တန်းအကောင်းဆုံး အားကစားသမားဆုအား ကရင်ပြည်နယ် အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်မှလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုအား ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်မှလည်းကောင်း၊တတိယဆုရရှိသော လှိုင်းဘွဲ့မြို့နယ်အသင်းအား ငွေသားဆု ကျပ်(၅)သိန်းနှင့်ဆုကလပ်ကို ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဝဏ္ဏကျော်ထင်ဒေါ်ခင်ဆွေထွန်းမှလည်းကောင်း၊ ဒုတိယဆုရရှိသော ကော့ကရိတ်မြို့နယ် အသင်းအား ငွေသားဆု ကျပ်(၇)သိန်းနှင့်ဆုကလပ်ကို ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးမှ လည်းကောင်း၊ ပထမဆုရရှိသော ဘားအံမြို့နယ်အသင်းအား ငွေသားဆု ကျပ်(၁၀)သိန်းနှင့် တံခွန်စိုက်ဆုဖလားကို ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် သီရိပျံ့ချီဦးစောမြင့်ဦးမှ လည်းကောင်း ဆုများအသီးသီးချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

■

# ၂၀၂၃ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ဖူဆယ်အသင်း၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအသင်းများအား အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနားကျင်းပ






● ပဲခူး၊ ဇူလိုင်လ(၁၃)ရက်။

၂၀၂၃ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲအား နေပြည်တော်တွင် (၂၄-၇-၂၀၂၃)ရက်နေ့မှ (၃၁-၇-၂၀၂၃) ရက်နေ့အထိလည်းကောင်း၊ ကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲအား ရန်ကုန်မြို့တွင် (၂၃-၇-၂၀၂၃) ရက်နေ့တွင် လည်းကောင်း ကျင်းပပြုလုပ်မည်ဖြစ်ရာ အဆိုပါပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု အုပ်ချုပ်/နည်းပြ၊ အားကစားသမားများအား



အောင်နိုင်ရေးအလံ ပေးအပ်ပွဲနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ လမ်းညွှန်သြဝါဒခံယူပွဲ အခမ်းအနားကို ယနေ့နံနက်(၉း၃၀)အချိန်တွင် တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အုပ်ချုပ်၊ နည်းပြ၊ အားကစားသမားများ တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ဖူဆယ်အသင်း၊ ကာယဗလနှင့် ကာယကြံ့ခိုင်

စာမျက်နှာ(၂၆)သို့ ▶









▶▶

တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြပြီး တာချီလိတ်မြို့နယ်အသင်းမှ အနိုင်ရရှိသွားကြောင်း သိရသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ အကောင်းဆုံးဆုရ အားကစားသမားများအားဆုချီးမြှင့်ရာအကောင်းဆုံး ဂိုးသမားဆု၊ နောက်တန်းအကောင်းဆုံးဆု၊ အလယ်တန်းအကောင်းဆုံးဆု၊ ရှေ့တန်းအကောင်းဆုံးဆု၊ အကောင်းဆုံး အားကစားသမားဆုရရှိသူများကို ဆုတံဆိပ်နှင့် ငွေသားကျပ်(၁)သိန်းစီကို ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဝန်ကြီးများက ဆုချီးမြှင့်ပေး၍လည်းကောင်း၊ ပူးတွဲတတိယဆုရရှိသော ပင်လောင်းမြို့နယ်အသင်းနှင့် တောင်ကြီးမြို့နယ်အသင်းတို့ကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုကျပ်(၅)သိန်းစီတို့ကို ပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ဆုများချီးမြှင့်ပေးအပ်၍ လည်းကောင်း၊ ဒုတိယဆုရရှိသော ညောင်ရွှေမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်(၈)သိန်းတို့ကို ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က ဆုချီးမြှင့်ပေး၍လည်းကောင်း၊ ပထမဆုရရှိသော တာချီလိတ်မြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသားကျပ်(၁၀)သိန်းနှင့် ပထမဆုဖလားကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ချီးမြှင့်ပေးကြောင်းသိရှိရသည်။

■

# ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား/အမျိုးသမီး ဗိုဗီနမ်၊ ဖူဆယ်၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ သြဝါဒခံယူပွဲနှင့် အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနားကျင်းပ









● မကွေး၊ ဇူလိုင်လ(၁၄)ရက်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား/အမျိုးသမီး ဗိုဗီနမ်၊ဖူဆယ်၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ သြဝါဒခံယူပွဲနှင့် အောင်နိုင်ရေး အလံပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင်လ(၁၀)ရက်နေ့ နေ့လယ်(၁) နာရီအချိန်၌ မကွေးတိုင်းဒေသကြီး မိုးလုံလေလုံ အားကစားခန်းမတွင် ကျင်းပပြုလုပ်ရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် သီရိပျံချီ ဦးတင့်လွင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး အမျိုးသမီး အားကစားအဖွဲ့ နာယကနှင့်အဖွဲ့ဝင်



များ၊ အားကစားဆပ်ကော်မတီ အသီးသီးမှ အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် သီရိပျံချီ ဦးတင့်လွင်မှ အားကစားသမားတိုင်း အားကစားဖြင့် တိုင်းဒေသကြီးဂုဏ်၊ နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်အောင်စွမ်းဆောင်တဲ့အခါ ပြိုင်ပွဲများ ယှဉ်ပြိုင်ရာ၌ အားကစားသမား စိတ်ဓာတ် အပြည့်အဝဖြင့် ယှဉ်ပြိုင်ကြရန် အထူးလိုအပ်ပါကြောင်း၊ အားကစားပြိုင်ပွဲများတွင်အောင်မြင်မှုများရရှိပါကလည်း မိမိတို့ တိုင်းဒေသကြီးအစိုးရက ဂုဏ်ပြုချီးမြှင့်မှုများကို ထပ်မံချီးမြှင့်ပေးမှာကိုလည်း သိရှိစေလိုပါကြောင်း သြဝါဒအမှာစကား ပြောကြားခဲ့ပါသည်။

ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးသန်းအောင်မှ ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား/အမျိုးသမီး ဗိုဗီနမ်၊ ဖူဆယ်၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲများသို့ သွား

▶▶

▶ စာမျက်နှာ(၂၅)···မှအဆက်

မှုအသင်းများ၏ အသင်းအုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများမှ (၁)ဦးချင်း မိတ်ဆက်ကြပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းမှ လမ်းညွှန်သြဝါဒ အမှာစကား ပြောကြားခဲ့ပါသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ဦးမျိုးဆွေဝင်းမှ တိုင်းဒေသကြီး ကိုယ်စားပြု အားကစားအသင်းများမှ အုပ်ချုပ်၊ နည်းပြများထံသို့ အောင်နိုင်ရေးအလံ နှင့်ထောက်ပံ့ငွေကျပ် စုစုပေါင်း(၄၉) သိန်းအားပေးအပ်ခဲ့ပြီး ပဲခူးတိုင်း ဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်မှ ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရပါသည်။

# ၂၀၂၃ ခုနှစ်၊ (၄၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေး ကျင်းပ














● ရန်ကုန်၊ ဇူလိုင်လ(၁၈)ရက်။

၂၀၂၃ခုနှစ်၊ (၄၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့နေ့လယ် (၁၃း၃၀)နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ခန်းမ(၃)၌ ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဥပဒေချုပ် ဦးဌေးအောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညီညီ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ချုပ် တာဝန်ရှိသူများ တက်ရောက်ကြပါသည်။

အစည်းအဝေးမစတင်မီ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းက ယနေ့ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို တက်ရောက်လာသည့် တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုံခြုံရေး၊ တည်းခိုနေထိုင်ရေး၊ ပြန်ကြားရေး၊ သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေး ကိစ္စရပ်များကို အထူးဂရုစိုက် ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ဥပဒေချုပ် ဦးဌေးအောင်က အဖွင့်အမှာစကား ပြောကြားပြီးနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ၂၀၂၃-၂၀၂၄ ခုနှစ် အားကစားပြက္ခဒိန်အရ နေပြည်တော်တွင် အားကစားနည်း (၁၄)နည်း၊ ရန်ကုန်တွင်(၇)နည်း၊ ရှမ်းပြည်နယ်တွင်(၃)နည်း၊ မန္တလေး

စာမျက်နှာ(၂၉)သို့ ▶

▶▶

ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်ဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ပြီး မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် သီရိပုံချီဦးတင့်လွင်က အားကစားအဖွဲ့များအား အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ နာယကကြီးမှ ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်ခဲ့ပါသည်။

ဆက်လက်၍ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအသင်း အုပ်ချုပ်သူ မကွေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ကိုကိုမှ ကျေးဇူးတင်စကား ပြောကြားခဲ့ပါသည်။

ထို့နောက် ဗိုဗီနမ်အသင်းမှ ပြိုင်ပွဲဝင်ကစားသမားများက သရုပ်ပြသခဲ့ပြီးနောက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကူးခဲ့ကြောင်း သိရှိရသည်။



# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ကာယဗလမောင်၊ ကာယကြံ့ခိုင်မှုနှင့် ကာယအလှမယ် ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ













● တောင်ကြီး၊ ဇူလိုင်လ(၁၈)ရက်။

၂၀၂၃ခုနှစ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်ဖလား ကာယဗလမောင်၊ ကာယကြံ့ခိုင်မှုနှင့် ကာယအလှမယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ(၃)နာရီအချိန်က တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသည်။



ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက "ကာယပြည့်ဖြိုးပြည့်အကျိုး"ဟူသော ဆောင်ပုဒ်အတိုင်း ကိုယ်ကာယဖွံ့ဖြိုးသန်မာမှ တိုင်းပြည်အကျိုးအတွက် ထမ်းဆောင်ကူညီနိုင်မည်ဖြစ်သောကြောင့် ရှမ်းပြည်နယ်အတွင်းမှ လူငယ်များကျန်းမာကြံ့ခိုင်လာစေရန်၊ ကိုယ်ကာယအချိုးအစားညီညွတ်ပြေပြစ်လာစေရန်၊ အမျိုးသားများသာမက အမျိုးသမီးများ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်၊ အထွေထွေကျန်းမာရေးကောင်းမွန်လာစေရန်နှင့် ကာယဗလမောင်နှင့် ကာယအလှမယ်များ ပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး ပြည်နယ်အဆင့် ပြိုင်ပွဲကျင်းပပြုလုပ်ပေးရခြင်းဖြစ်ပြီး ပြည်နယ်အဆင့်ပြိုင်ပွဲမှ ထူးချွန်သည့် အားကစားသမားများ ရွေးချယ်ပြီး ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည့် ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ ကာယအလှမယ်ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသော အားကစားသမားများအား ငွေသားဆုချီးမြှင့်ခြင်း၊ ကာယအလှမယ်ပြိုင်ပွဲတွင် ဆဋ္ဌမမှ ဒသမဆုရရှိသူများ၊ စတုတ္ထနှင့် ပဉ္စမဆုရရှိသူများ၊ တတိယနှင့် ဒုတိယဆုရှိသူများကို ဆုတံဆိပ်နှင့် ငွေသားဆုများချီးမြှင့်ပေးကြပြီး ပထမဆုရရှိသူများကိုဆုတံဆိပ်နှင့်ငွေသားဆုများ၊သရဖူနှင့် စလွယ်ဆုများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးက ချီးမြှင့်ပေးကြသည်။

ထို့နောက် Men Physiqe ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများနှင့် တတိယ၊ ဒုတိယ၊ ပထမဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို ပြည်နယ်ဥပဒေချုပ်မှ ဆုများချီးမြှင့်ပေး၍ လည်းကောင်း၊ Women Model Physique ပြိုင်ပွဲတွင် စတုတ္ထ၊ ပဉ္စမဆု ရရှိသူများနှင့် တတိယ၊ ဒုတိယ၊ ပထမဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၏ဇနီးနှင့် တိုင်မှူး၏ ဇနီးတို့က ချီးမြှင့်ပေး၍လည်းကောင်း၊ (၂၁) နှစ်အောက် အမျိုးသား ကာယဗလပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသော အားကစားသမားများ နှင့်တတိယ၊ဒုတိယ၊ ပထမဆုရှိသူများအားဆုတံဆိပ်နှင့် ငွေသားဆုများကို ပြည်နယ်တိုင်းရင်း

▶▶













▶▶

သားရေးရာဝန်ကြီးက ဆုချီးမြှင့်ပေး၍ လည်းကောင်း၊ (၆၀)ကီလိုတန်း အမျိုးသား ကာယဗလပြိုင်ပွဲတွင် တတိယ၊ ဒုတိယ၊ ပထမဆုရရှိသူများအား ဆုတံဆိပ်နှင့်ငွေသားဆုများကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဆုချီးမြှင့်ပေး၍ လည်းကောင်း၊ (၆၅)ကီလိုတန်း အမျိုးသား ကာယဗလပြိုင်ပွဲတွင် စတုတ္ထ၊ တတိယ၊ ဒုတိယ၊ ပထမဆုရရှိသူများအားဆုတံဆိပ်နှင့် ငွေသားဆုများကို ပြည်နယ် လူမှုရေးရာဝန်ကြီးက ဆုချီးမြှင့်ပေး၍လည်းကောင်း၊ (၇၀) ကီလိုတန်း အမျိုးသားကာယဗလပြိုင်ပွဲတွင် တတိယ၊ ဒုတိယ၊ ပထမဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ဆုချီးမြှင့်ပေး၍လည်းကောင်း၊ (၇၅)ကီလိုနှင့် အထက် အမျိုးသားပြိုင်ပွဲတွင် ပဉ္စမ၊ စတုတ္ထ၊ တတိယ၊ ဒုတိယ၊ ပထမဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများနှင့် ၂၀၂၃ခုနှစ်၊ ရှမ်းပြည်နယ်ကာယဗလမောင် ရရှိသူအား ဆုတံဆိပ်၊ စလွယ်နှင့်ငွေသားဆုများကို ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဦးအောင်ဇော်အေးက ချီးမြှင့်ပေးခဲ့ကြောင်း သိရှိရသည်။

■

▶ စာမျက်နှာ(၂၇)…မှအဆက်

တွင် (၁)နည်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပပြုလုပ်သော ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲများတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်တကွ အစိုးရအဖွဲ့ဝင်များမှ ဝိုင်းဝန်းကူညီကြသည့်အတွက် များစွာ ကျေးဇူးတင်ရှိပါကြောင်း၊ ယခုပြိုင်ပွဲမှာလည်း အဖွဲ့ချုပ်အနေဖြင့် ကမ္ဘာ့အဆင့်ရှိ အားကစားပြိုင်ပွဲများတွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့် အစဉ်အလာရှိသည့်အတွက် ယခုပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲ၌လည်း အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်မည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးပြောကြားခဲ့ပါသည်။



ဆက်လက်၍ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့မှ ပြိုင်ပွဲနှင့်ပတ်သက်သည့် ကိစ္စရပ်များအား ဆွေးနွေးတင်ပြခဲ့ပြီးနောက် တက်ရောက်လာသည့်ပုဂ္ဂိုလ်များမှ အထွေထွေကိစ္စရပ်များအား ဆွေးနွေးတင်ပြကြရာ ညှိနှိုင်းဆောင်ရွက်ပေးရေးမှူးချုပ်မှပြန်လည်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဥပဒေချုပ် ဦးဌေးအောင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပါသည်။

၂၀၂၃ခုနှစ်၊ (၄၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲကို ရန်ကုန်မြို့ မရမ်းကုန်မြို့နယ် မင်းဓမ္မလမ်းရှိ (MCC) ခန်းမ၌ ဇူလိုင်လ (၂၃)ရက်နေ့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အမျိုးသားအသင်း (၁၅)သင်း၊ အမျိုးသမီးအသင်း (၁၅)သင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

# မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်၏ ၂၀၂၃ ခုနှစ်တွင် ကျရောက်သည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ် ရိုးရာခြင်းလုံးအလှခတ်ပွဲ ကျင်းပ









● မန္တလေး၊ ဇူလိုင်လ(၂၂)ရက်။

မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်၏ ၂၀၂၃ ခုနှစ်တွင် ကျရောက်သည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ် ရိုးရာခြင်းလုံးအလှခတ်ပွဲကို ယနေ့ နံနက်(၀၉း၀၀)နာရီချိန်တွင် ချမ်းမြသာစည်မြို့နယ်၊ မန္တလာသီရိ အားကစားကွင်းရှိ Multipurpose Stadium ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် နာယက၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဦးစိုးတင့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရိုးရာခြင်းလုံး အလှခတ်ပွဲတော်



တွင် ဝင်ရောက်ခတ်ကစားမည့် အဖွဲ့များမှ အားကစားသမားများနှင့် ပရိသတ်အင်အား စုစုပေါင်း(၇၀၀)ဦး တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်မှ အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် နာယက၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဦးစိုးတင့်မှ နှစ်(၇၀)ပြည့် ခြင်းလုံးပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်အားတင်ပြ၍ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်မှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီးနောက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသက်(၇၀)နှစ်အထက် ရိုးရာခြင်းလုံး ပညာရှင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ပါသည်။

ဆက်လက်ပြီး အခမ်းအနားအား ကျင်းပခဲ့ရာ တိုင်းဒေသကြီး အမျိုးသား လက်ရွေးစင်အသင်း၊ တိုင်းဒေသကြီး အမျိုးသမီးလက်ရွေးစင်အသင်း၊တော်ဝင်ဒွေးရတနာ၊ မန္တလာညွန့်၊ ခြင်းတက္ကသိုလ်၊ တော့ပ်စတား၊ ဝါသနာလုလင်၊ ရွှေလင်းယုန်၊ မိုးနတ်မင်း စသည့် ရိုးရာခြင်းလုံးအဖွဲ့များမှ ခြင်းအလှခတ်ဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရှိရသည်။







# ၂၀၂၃ ခုနှစ်၊ (၄၇)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကျင်းပ















● ရန်ကုန်၊ ဇူလိုင်လ(၂၃)ရက်။


အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တို့မှ ကြီးမှူးကျင်းပသော (၄၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC) ခန်းမ၌ ကျင်းပသည်။




အဆိုပါပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ဥပဒေချုပ် ဦးဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ ဆပ်ကော်မတီနာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်မော်မော်သန်း၊ ဥက္ကဋ္ဌ ဒေါ်မာလာဝင်းနှင့် ဆပ်ကော်မတီဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းနှင့် တာဝန်ရှိသူများ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ အုပ်ချုပ်သူ နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

စာမျက်နှာ(၃၂)သို့ ▶


















စာမျက်နှာ(၃၁)◦◦◦မှအဆက်

ထို့နောက် ကာယဗလမောင် အသက်(၂၁)နှစ်အောက် ပြိုင်ပွဲ ကာယဗလမောင် ၆၀-၆၅-၇၀-၇၅ -အသက်၇၅နှစ်အထက်ပြိုင်ပွဲ Men's Sport Physique ပြိုင်ပွဲ၊ Men's Athletic Physique ပြိုင်ပွဲ၊ Men Fitness Physique Women's Model ပြိုင်ပွဲ၊Women's Athletic Physique ပြိုင်ပွဲ၊ Women 's Fitness Physique ပြိုင်ပွဲများ ကျင်းပသည်။


ဆက်လက်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ ကာယဗလ မောင်နှင့် ကာယမယ်များကို ပဏာမ ရွေးချယ်ခဲ့ကြ၍ အနိုင်ရရှိသူများအား ဗိုလ်လုပွဲသို့ ဆက်လက်ယှဉ်ပြိုင်စေ ခဲ့သည်။


ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ ကာယဗလ မောင် အသက်(၂၁)နှစ်အောက် ပြိုင်ပွဲ၊ ကာယဗလမောင် ၆၀ ကီလို တန်းပြိုင်ပွဲ၊ ၆၅ ကီလိုတန်းပြိုင်ပွဲနှင့် နှစ်သိမ့်ဆုရရှိသူများ၊ ၇၀ ကီလိုတန်း ပြိုင်ပွဲ၊ ၇၅ ကီလိုတန်းပြိုင်ပွဲ၊ အသက် ၇၅ နှစ်အထက်ပြိုင်ပွဲ၊Men's Sport Physique ပြိုင်ပွဲ၊Men's Athletic Physique ပြိုင်ပွဲ၊ Men Fitness Physique ပြိုင်ပွဲ၊ Women' s Model ပြိုင်ပွဲ၊ Women 's Athletic Physique ပြိုင်ပွဲ၊ Women 's Fitness Physique ပြိုင်ပွဲများ၌ ဆုရရှိသူများအား ရန်ကုန်တိုင်းဒေသ ကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး

▶▶







▶▶

ဗိုလ်ချုပ်ဇော်ဟိန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ချီးမြှင့်ပေးကြသည်။

ထို့နောက် ၂၀၂၃ ခုနှစ်၊ (၄၇) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆု ရရှိသော ရန်ကုန်တိုင်းဒေသကြီး အသင်းအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းက တံခွန်စိုက်ဆု ချီးမြှင့်ပေးခဲ့ကြောင်း သိရှိရသည်။


■











# တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၄)ခရိုင် အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ










● တနင်္သာရီ၊ ဇူလိုင်လ(၂၅)ရက်။

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၄)ခရိုင် အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီအချိန် ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးခဲ့ပါသည်။

ဆက်လက်၍ (၄)ခရိုင် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ကျင်းပပြုလုပ်ခဲ့ရာ ထားဝယ်ခရိုင်အသင်းက မြိတ်ခရိုင်အသင်းကို(၂)ဂိုး(၁)ဂိုးဖြင့် အနိုင်ရရှိသွားပါသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ရာ ပြိုင်ပွဲတစ်လျှောက် ကူညီဆောင်ရွက်ပေးခဲ့သော ကြက်ခြေနီ တပ်ဖွဲ့များအား ဂုဏ်ပြုဆုငွေကို တိုင်းဒေသကြီးလွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဝေက လည်းကောင်း၊ ရှေ့တန်း အကောင်းဆုံးဆုကို တိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းသန်းကလည်းကောင်း၊ အလယ်တန်းအကောင်းဆုံးဆုကို တိုင်းရင်းသားရေးရာဝန်ကြီး စောမာတင်လှူသာက လည်းကောင်း၊ အနောက်တန်း အကောင်းဆုံးဆုကို လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးရဲမှူးကြီးခင်ကျော်က လည်းကောင်း၊ ဂိုးသမားအကောင်းဆုံးဆုကို လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်က လည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုကို သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်က လည်းကောင်း၊ ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မြိတ်ခရိုင် အမျိုးသမီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက လည်းကောင်း၊ ပထမဆုရရှိသည့် ထားဝယ်ခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို တိုင်းဒေသကြီး လွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးက လည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့ပါသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ပထမဆုရရှိသည့် ထားဝယ်ခရိုင်အသင်းအား တံခွန်စိုက်ဆုဖလားအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။ ■

# ၂၀၂၃ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ် ဗထူးမိုးလုံလေလုံ အားကစားရုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ



● မန္တလေး၊ ဇူလိုင်လ(၂၉)ရက်။

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ် ဗထူးအားကစားကွင်းတွင် ၂၀၂၂-၂၀၂၃ ခုနှစ်၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဗထူးမိုးလုံလေလုံ အားကစားရုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီအချိန်တွင်ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ အားကစားသရုပ်ပြသမည့်အဖွဲ့များ၊ အားကစားသမားများနှင့် ပရိသတ်အင်အား

▶▶








(၂၁၀၀)ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း နှင့် လူမှုရေးရာဝန်ကြီး ဦးအောင်မင်း တို့က မိုးလုံလေလုံအားကစားရုံအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်မှ အားကစားရုံ ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးပြီးနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန



ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများကလည်း ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ အားကစားရုံအား ဖွင့်လှစ်ပေးခဲ့ပါသည်။

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်အဖြစ် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီးနောက် မိုးလုံလေလုံအားကစားရုံအား တာဝန်ယူတည်ဆောက်ခဲ့သည့် Art Wave Co.,Ltd က အားကစားရုံအချက်အလက်များအား တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် အားကစားသရုပ်ပြအဖွဲ့များမှ Myanmar Fitness Dance ၊ မြန်မာ့သိုင်း၊ ကရာတေး၊ တိုက်ကွမ်ဒို၊ ရိုးရာခြင်းလုံး၊ ဝူရှူး၊ ကျွမ်းဘား စသည့်အားကစားနည်း(၇)နည်းဖြင့် သရုပ်ပြသခဲ့ရာ သရုပ်ပြအားကစားအဖွဲ့များအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့မှ ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။





# အားကစား မြှင့်တင်ခြင်းသည် နိုင်ငံတော်ကို

ဗိုလ်ကြည်(အား/က)

နိုင်ငံတစ်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ကြရာတွင် "အားကစားဆိုသည့် အရာကို ချန်ထားခဲ့၍ မရနိုင်ပါ"။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အချက်ကြီး သုံးချက်ကို အခြေခံ၍ တည်ဆောက်ကြရမည်ဖြစ်ပြီး ထိုအချက်များထဲမှ လူမှုရေးအချက်အဖြစ် အကျုံးဝင်သော "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" အချက်ပါဝင်ပါသည်။ နိုင်ငံ့အနာဂတ် ထွန်းလင်းတောက်ပ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဆိုပါတိုင်းပြည်ရှိနိုင်ငံသားများ ကျန်းမာကြံ့ခိုင်၍ ပညာရည်ပြည့်ဝကာ စိတ်ဓာတ်ရေးရာ ကောင်းမွန်ပြီး ဗလငါးတန်နှင့် ပြည့်စုံနေရန်အရေးကြီးပါသည်။ အထူးသဖြင့် နိုင်ငံ၏တာဝန်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် လူငယ်လူရွယ်များသည် ကျန်းမာကြံ့ခိုင်၊ အရည်အချင်းပြည့်ဝနလုံးလှ၍ စိတ်ဓာတ်ကောင်းမွန်မှသာလျှင် နိုင်ငံ၏ အဖိုးတန်ရတနာအဖြစ် တည်ရှိနိုင်မည်ဖြစ်ပါသည်။ နိုင်ငံအတွင်းရှိ ပြည်သူများ ကျန်းမာကြံ့ခိုင်ပြီး နိုင်ငံ၏လူ့စွမ်းအားများ ကောင်းမွန်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိက စွမ်းဆောင်ပေးနိုင်မှာ "အားကစား" ပင် ဖြစ်ပါသည်။

## အားကစားဆိုသည့် အဓိပ္ပာယ်

အားကစားဆိုသည့်အဓိပ္ပာယ်သည် "အင်အားနှင့် ဉာဏ်ရည်ကို အသုံးချပြီး ယှဉ်ပြိုင်မှုကို အားကစား" ဟုခေါ်သည်။ (Sport is Game or Competition Involving Physical and Mental Activities)၊ အားကစားသည် လူတစ်ဦးချင်းဖြင့်သော်လည်းကောင်း စုပေါင်းပြီးအသင်းလိုက်သော်လည်းကောင်း အားကစား တစ်မျိုးမျိုးကို နည်းစနစ်မှန်မှန် စနစ်တကျ လုပ်ရှားဆောင်ရွက်ခြင်းပင်ဖြစ်သည်။ အားကစားပြုလုပ်မှုသည် ကိုယ်လက်လှုပ်ရှားမှုကောင်းမွန်စွာ သက်ဝင်လှုပ်ရှားနိုင်သည့်အရွယ်မှစ၍ အသက်အရွယ်ကြီးမြင့်ပြီးနောက် ကောင်းမွန်စွာ လှုပ်ရှားနိုင်သည်အထိ မည်သူမဆို ဆောင်ရွက်နိုင်သော အရာပင်ဖြစ်သည်။



နိုင်ငံအတွင်းရှိ ကျောင်းသားလူငယ်များအနေဖြင့် အားကစားကို ငယ်စဉ်ကပင် စိတ်ပါဝင်စားစွာ ကစားစေခြင်းဖြင့် ကျန်းမာကြံ့ခိုင်ခြင်း၊ ကိုယ်ခန္ဓာကြီးထွားသန်မာခြင်း၊ စားဝင်အိပ်ပျော်ခြင်း၊ စိတ်ရွှင်လန်းခြင်း၊ ဉာဏ်ရည်မြင့်မားခြင်း၊ မိမိကိုယ်ကိုယုံကြည်မှုမြင့်မားခြင်း၊ မိတ်ဆွေသင်္ဂဟပေါများခြင်း၊ အသင်းအဖွဲ့စိတ်ဓာတ်ကို မြှင့်တင်နိုင်ခြင်း၊ နိုင်ငံတကာပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိပါက နိုင်ငံ့ဂုဏ်ဆောင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးကောင်းများ ရရှိနိုင်မည်ဖြစ်သည်။

ကျောင်းသားလူငယ်များသည် ငယ်စဉ်ဘဝကပင် အားကစားကိုလိုက်စားခြင်းအားဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်လာပြီး အားလပ်ချိန်တွင် အားကစားပြုလုပ်ခြင်းဖြင့် ဆေးလိပ်သောက်ခြင်း၊ အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ကွန်ပျူတာဂိမ်းဆော့ခြင်းနှင့် အခြားမကောင်းသော အရာများမှလည်း ကာကွယ်တားဆီးပေးနိုင်ပါသည်။

## ကျန်းမာကြံ့ခိုင်စေသောဘဝများ

အားကစားပြုလုပ်ခြင်းကြောင့် လူအများနှင့် ကောင်းမွန်စွာဆက်ဆံနိုင်ခြင်း၊ အနိုင်မခံအရှုံးမပေးသောစိတ်ဓာတ်ကို လေ့ကျင့်မှုရရှိစေခြင်း၊ စည်းမျဉ်း/စည်းကမ်းဥပဒေဘောင်အတွင်းမှ အနိုင်ရယူတတ်ခြင်း၊ မိမိကိုယ်ကို လေးစားမှုစွမ်းရည် တိုးတက်လာခြင်း၊ စိတ်ဖိစီးမှုလျော့ကျစေခြင်း၊ တရားမျှတမှုကို ခံမင်နှစ်သက်လာခြင်း၊ အချိန်ကို လေးစားတတ်လာခြင်း၊ လူတစ်ဦးနှင့်တစ်ဦး လေးလေးစားစား အပြန်အလှန် ဆက်ဆံတတ်ခြင်း၊ အရှုံးကိုလက်ခံပြီး ကောင်းမွန်စွာ ပြန်လည်တုံ့ပြန်နိုင်ခြင်း စသည့် အကျိုးကျေးဇူးကောင်းများကို ရရှိမည်ဖြစ်ပြီး လူ့ဘဝတစ်လျှောက်လုံး စိတ်ဓာတ်ရေးရာဆိုင်ရာ အရည်အချင်းကောင်းများအပြင် ဉာဏ်ရည်



ဉာဏ်သွေးကောင်းမွန်ပြီး ကျန်းမာကြံ့ခိုင်စေသော ဘဝများ ရရှိနိုင်မည်ဖြစ်သည်။

ယနေ့ကမ္ဘာရှိ နိုင်ငံရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံကြီးအားလုံးသည် တိုင်းပြည်တည်ဆောက်ခဲ့ကြရာတွင် လူငယ်ကဏ္ဍကို အထူးအလေးပေးဆောင်ရွက်ခဲ့ကြပြီး အရည်အသွေးပြည့်ဝသော လူငယ်မျိုးဆက်သစ်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိရာ အများစုနိုင်ငံများမှ ကျောင်းသားလူငယ်ဘဝမှာပင် ကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံပညာကျောင်းများတွင် အားကစားပြုလုပ်ရန် အားကစားချိန်ထည့်သွင်းဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။

အားကစားဘာသာရပ်များ၊ အားကစားနည်းအလိုက်နည်းပြများ စနစ်တကျခန့်အပ်၍ ကျောင်းသားလူငယ်များအား နည်းစနစ်ကျကျ အားကစားပြုလုပ်ခြင်းများ ဆောင်ရွက်သည်ကို တွေ့ရှိရမည်ဖြစ်သည်။

## အားကစားအမျိုးအစားလေးမျိုး

ပြည်သူများအားကစားကို လုပ်ရှားဆောင်ရွက်ရာတွင် အားကစားအမျိုးအစား လေးမျိုးခွဲခြားသတ်မှတ်ထားရှိသည်။ ၎င်းတို့မှာ အပန်းဖြေအားကစား (Leisure Sport) ရိုးရာအားကစား(Traditional



# ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပါသည်

Sport)၊ ယှဉ်ပြိုင်အားကစား(Competitive Sport)၊ လူထုအားကစား (Mass Sport) တို့ ဖြစ်သည်။

## လူထုအားကစား

လူထုအားကစား အမျိုးအစားသည် နိုင်ငံအတွက် အထူးအရေးပါ အရာရောက် အကျိုးပြုသော အားကစားအမျိုးအစားဖြစ်သည်။ လူထုအားကစား၏အဓိပ္ပာယ်သည် ငွေကြေးကုန်ကျမှုနည်း၍ လူကြီး၊ လူငယ်၊ ကျား၊ မ မရွေး လွယ်လင့်တကူ စုပေါင်းလေ့ကျင့်နိုင်သော ကိုယ်လက်လှုပ်ရှားမှုကို ဆိုလိုသည်။ လူထုအားကစား ရည်ရွယ်ချက်သည် "လူတစ်ဦး အားကစားမှ လူတစ်စု အားကစား၊ လူတစ်စု အားကစားမှ ပြည်သူလူထု အားကစားသို့"ဖြစ်ပြီး ပြည်သူလူထုများ ပါဝင်ကစားလာစေရန် ပညာပေးခြင်း၊ လှုံ့ဆော်ခြင်း၊ သရုပ်ပြခြင်းတို့ကို ရည်ရွယ်သည်။

လူထုအားကစားတွင် လူတစ်ဦးချင်းမှအစ လူအများ ပါဝင်လှုပ်ရှားလာစေသော နည်းလမ်းသည် လမ်းလျှောက်ခြင်းပင်ဖြစ်သည်။ လူတစ်ဦးသည် ကျန်းမာရေးအတွက် လမ်းလျှောက်ခြင်းမှ အပေါင်းအသင်းများ စုဝေး၍ တဖြည်းဖြည်း လမ်းလျှောက်လာမည်။ ၎င်းမှတစ်ဆင့် လူအများပါဝင် စုပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူများကိုယ်လက်လှုပ်ရှားမှု ပြုလုပ်လာမည်ဖြစ်သည်။ လမ်းလျှောက်ခြင်းမှတစ်ဆင့် အခြားအားကစားနည်း တစ်ခုခုကို ပြုလုပ်ရန် စိတ်ပါဝင်စားလာပြီး ဝါသနာပါသည့် အားကစားနည်းကို ဝါသနာတူရာ အပေါင်းအသင်းများစုစည်း၍ စိတ်ပါဝင်စားစွာ လှုပ်ရှားကစားလာမည်ဖြစ်သည်။

ထိုသို့စိတ်ပါဝင်စားမှုမှ အစပြု၍ အချိန်မှန်မှန် မိမိဝါသနာပါသောအားကစားကို အပေါင်းအသင်းများနှင့် လှုပ်ရှားဆောင်ရွက်သော အလေ့အကျင့်ရမည်ဖြစ်သည်။ နိုင်ငံအတွင်းရှိ ပြည်သူများ လူထုအားကစားကို စိတ်ပါဝင်စားစွာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်မှုကို ငွေကြေးကုန်ကျမှုမရှိဘဲ ရရှိမည်ဖြစ်ပြီး လူငယ်များကလည်း ဝါသနာပါရာ အားကစားနည်းကို စုပေါင်းဆောင်ရွက်လာခြင်းဖြင့် အားကစားနည်းအလိုက် ထူးချွန်သော မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာပြီး နိုင်ငံတော်အတွက် အားထားရမည့် နိုင်ငံ့လက်ရွေးစင် အားကစားသမားများအဖြစ် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိ၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည်ဖြစ်သည်။








## လူထုအားကစားကို အခြေခံနိုင်မှသာ

နိုင်ငံတော်၏ အားကစားအောင်မြင်မှု ရရှိလိုပါက လူထုအားကစားကိုအခြေခံပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်မှသာလျှင် အောင်မြင်မှု ရရှိနိုင်မည်ဖြစ်သည်။ ၁၉၅၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် အားကစားနှင့် ကာယပညာကော်မတီသည် လူထုအားကစားကို စတင်အကောင်အထည်ဖော်ခဲ့ပြီး ပြည်သူတစ်ရပ်လုံး အားကစားကို တစ်ဦးချင်းစီမှအစပြု၍ စုပေါင်းလှုပ်ရှားလာပြီး နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာကြသဖြင့် ထိုကာလများမှစ၍ မြန်မာ့အားကစားအောင်မြင်မှုများ ဆက်တိုက်ရရှိကာ အားကစားရွှေခေတ်ကို ဖော်ဆောင်နိုင်ခဲ့သည်။

၁၉၆၁ ခုနှစ်နှင့် ၁၉၆၉ ခုနှစ်တို့တွင် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲ အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့ပြီး နိုင်ငံအလိုက်အဆင့် ပထမရရှိခဲ့သည်ကိုတွေ့ရမည်ဖြစ်သည်။ အအောင်မြင်ဆုံး အားကစားနည်းမှာ ဘောလုံးအားကစားနည်းဖြစ်ပြီး အာရှအားကစားပြိုင်ပွဲတွင် ၁၉၆၆ခုနှစ်နှင့် ၁၉၇၀ ပြည့်နှစ် ချန်ပီယံနှစ်ကြိမ် အာရှဖလားဘောလုံးပြိုင်ပွဲ ၁၉၆၇ ခုနှစ် ဒုတိယဆု၊ ၁၉၇၂ခုနှစ် အိုလံပစ်ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆု၊ အာရှလူငယ် ချန်ပီယံရှစ်ကြိမ်၊ ကျွန်းဆွယ်ချန်ပီယံ ငါးကြိမ်နှင့် အခြားသော နိုင်ငံများ၏ ဖိတ်ခေါ်ဖလားပေါင်းများစွာရရှိပြီး အောင်မြင်မှုများကို မှတ်တမ်းစိုက်ထူခဲ့သည်။

## နိုင်ငံ့ဂုဏ်ကို ဆောင်ခဲ့ကြသူများ

ထူးချွန်ဘောလုံးကစားသမားများစွာ ပေါ်ထွက်လာခဲ့ပြီး ဗဟာဒူး၊ (ဂိုး)တင်အောင်နှင့်မောင်မောင်တို့မှာ အာရှလက်ရွေးစင်အထိ ရွေးချယ်ခံခဲ့ရသည်။ အခြားအားကစားနည်းများဖြစ်သော ရေကူးအားကစားနည်းမှ တင်မောင်နီ၊ နန္ဒကျော်စွာ၊ အလေးမအားကစားနည်းမှ ထွန်းမောင်၊ မောင်မောင်လွင်၊ လက်ဝှေ့အားကစားနည်းမှ တင်ထွန်း၊ အောင်ကို၊ မောင်ညွန့်၊ ပြေးခုန်ပစ်အားကစားနည်းမှ မီတုန်းနော်၊ ဂျင်နီဖာတင်လေး၊ မြင့်မြင့်အေး၊ ရှင်မွေးဂမ်း၊ သေနတ်ပစ်အားကစားနည်းမှ ဗိုလ်မှူးကျော်ရှိန်၊ ဗိုလ်မှူးခင်မောင်မြင့် စသည့်အားကစား

စာမျက်နှာ(၃၈)သို့

စာမျက်နှာ(၃၇)ဆောင်းပါး၏ • • • မှအဆက်

သမားများသည် မြန်မာနိုင်ငံအတွက် အရှေ့တောင်အာရှကျွန်းဆွယ်တွင် ဆုတံဆိပ်များရရှိရုံသာမက အာရှအဆင့်ထိ ဆုတံဆိပ်များ အလီလီဆွတ်ခူးပြီး မြန်မာ့အားကစားကို အာရှအဆင့်ထိသာမက ကမ္ဘာ့အဆင့် အိုလံပစ် အားကစားပြိုင်ပွဲအထိ အောင်မြင်စွာ ထိုးဖောက်၍ နိုင်ငံ့ဂုဏ်ကိုဆောင်ခဲ့ကြသူများပင်ဖြစ်သည်။




ထိုကဲ့သို့ မြန်မာအားကစား အောင်မြင်မှုရရှိခဲ့သော ၁၉၆၀ ပြည့်နှစ်နောက်ပိုင်း ၁၉၈၀ ပြည့်နှစ်အထိ ပတ်ဝန်းကျင်ကာလအတွင်း မြန်မာနိုင်ငံရှိ ပြည်သူများအားကစားကို အောက်ခြေအဆင့်မှစ၍ လူထုအားကစားလှုပ်ရှားမှုများ၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်း၊ ဝန်ကြီးဌာနအဆင့်ဆင့် အားကစားပြိုင်ပွဲများ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း၊ ကျောင်းသားအားကစားပြိုင်ပွဲများ စနစ်တကျကျင်းပခဲ့ခြင်း၊ အခြေခံပညာကျောင်းများတွင် ကာယအချိန် (PT)အချိန် အပြည့်အဝအသုံးချခြင်း စသည့်အချက်များသည် မြန်မာနိုင်ငံ၏ အားကစားကို အောင်မြင်မှုရရှိစေခြင်း၏ အဓိကအချက်တစ်ခုဖြစ်သည်ကို တွေ့ရပေမည်။

## နိုင်ငံတော်၏ဂုဏ်ကို အထူးမြင့်တက်စေ

အားကစားအောင်မြင်ခြင်းသည် နိုင်ငံတော်၏ ဂုဏ်ကိုအထူးမြင့်တက်စေသည်။ နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိ၍ မိမိနိုင်ငံ၏အလံကို နိုင်ငံတကာအလယ်တွင် ဝင့်ဝင့်ကြွားကြွားဖြင့် လွှင့်တင်၊ နိုင်ငံတော်အလံကို နိုင်ငံတကာမှ အခမ်းအနားတက်ရောက်သူအားလုံး အလေးပြု၊ နိုင်ငံတော်သီချင်း သီဆိုဂုဏ်ပြုခွင့် ရရှိချိန်သည် အားကစားသမားများ မျက်ရည်ကျသည်အထိ ကြည်နူးဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ပြီး နိုင်ငံတော်အတွက် အထူးဂုဏ်ယူစရာနှင့် ဂုဏ်သိက္ခာ မြင့်တင်နိုင်ခြင်းဖြစ်ပေသည်။

နိုင်ငံတစ်နိုင်ငံ၏ အားကစားသည် သက်ဆိုင်ရာ နိုင်ငံအတွက် ဂုဏ်သိက္ခာမြင့်မားစေမှုမှာ ဘောလုံးအားကစားဟုဆိုလိုက်လျှင် ဘရာဇီးနိုင်ငံကို အားလုံးသတိရသလို ဂေါက်သီး၊ ဘေ့စ်ဘော၊ ဘတ်စကက်ဘောဆိုလျှင် အမေရိကန်နိုင်ငံ၏ အမှတ်တံဆိပ် ဖြစ်ပါသည်။ လက်ဝှေ့ဆိုလျှင် ကျူးဘား၊ ရေခဲပြင်စကိတ်ဆိုလျှင် ရုရှား၊ အာရှနိုင်ငံများတွင် ဂျူဒိုဆိုလျှင် ဂျပန်၊ ကြက်တောင်ဆိုလျှင် အင်ဒိုနီးရှား၊ ဝူရှူး၊ စားပွဲတင်တင်းနစ်ဆိုလျှင် တရုတ်နိုင်ငံ၊ အပြေးမှာ တာတိုဆိုလျှင် ဂျမေကာ၊ မာရသွန်ဆိုလျှင် အီသီယိုပီးယားနိုင်ငံကိုယှဉ်တွဲသိကြပြီး အားကစားပြယုဂ်သည် နိုင်ငံတစ်နိုင်ငံ၏ ပုံရိပ်ကိုများစွာ မြင့်တင်ပေးနိုင်သည်။

ကမ္ဘာ့နိုင်ငံများတွင် နိုင်ငံတကာအားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသော နိုင်ငံများသည် နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများထဲမှ ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ မီဒီယာလုပ်ငန်းများကို များစွာဖွံ့ဖြိုးတိုးတက်စေပြီး အားကစားပွဲများ လက်ခံကျင်းပမှုကြောင့် အားကစားနည်းအလိုက် အားကစားအဆောက်အအုံများစွာ ပိုင်ဆိုင်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာခြင်း၊ ပြည်သူများအားကစားဆောင်ရွက်ရန် အားကစားကွင်း၊ အားကစားရုံများ ပိုမိုများပြားလာခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံအတွင်းရှိ ပြည်သူများ ဆင်းရဲချမ်းသာမရွေး၊ တိုင်းရင်းသားမရွေး အားကစားအောင်နိုင်ရေး ဝိုင်းဝန်းအားပေးကြရာတွင် နိုင်ငံအတွင်းရှိ ပြည်သူများ တစ်စိတ်တစ်ဝမ်းတည်းရှိနေခြင်းကို ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲက သက်သေပင်ဖြစ်သည်။ ထိုကာလအတွင်း မြန်မာပြည်သူများသည် မြန်မာ့အားကစားသမားများ ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကစားနေမှုနှင့် ပြိုင်ပွဲဖွင့်ပွဲနှင့် ပိတ်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုကို တစ်ခဲနက်အားပေးခဲ့ကြပြီး တိုင်းရင်းသားပြည်သူပေါင်းစုံတို့၏ စည်းလုံးညီညွတ်မှုနှင့် ဇာတိသွေး၊ ဇာတိမာန်ကို ပြသနိုင်ခဲ့သော ပွဲဖြစ်ခဲ့သည်။

## ကိုယ်လက်လှုပ်ရှားမှုနှင့် ကျန်းမာရေး

ယနေ့ကမ္ဘာကြီးသည် တိုးတက်လာသော နည်းပညာများအရ ဇိမ်ခံမော်တော်ကား၊ လေယာဉ်၊ သင်္ဘော၊ တီဗွီ၊ ကွန်ပျူတာ၊ မိုဘိုင်းဖုန်းစသည့် ပစ္စည်းများကို သုံးစွဲလာပြီး လူနေမှုပုံစံများပြောင်းလဲလာကြသော်လည်း ယာဉ်၊ ရထားစီးနင်းပြီး နေ့စဉ် လုပ်ငန်းခွင်ဝင်ရောက်ရာတွင် ယာဉ်ကြောပိတ်ဆို့မှုများကြောင့် လုပ်ငန်းခွင် အချိန်မီဝင်ရောက်နိုင်ရေးနှင့် ရုံးပြန်နောက်ကျမှုတို့ကြောင့် ကိုယ်ပိုင်အချိန် နည်းပါးလာခြင်း၊ အားကစားပြုလုပ်ရန် ကိုယ်ပိုင်အချိန် မရှိသလောက် ရှားပါးလာခြင်း၊ ယနေ့ခေတ် စားသုံးမှုအစားအစာများတွင်လည်း တာရှည်ခံ ဓာတုဗေဒဆေးဝါးများ ပါဝင်လာခြင်း၊ အဆီအဆိမ့်များကို ပိုမိုစားသောက်လာခြင်း၊ ကွမ်းယာ၊ ဆေးလိပ်နှင့် အရက်သေစာများ သုံးစွဲမှုများ ပြားလာခြင်း၊ လူငယ်များအကြား စိတ်ကြွဆေးပြားများနှင့် မူးယစ်ဆေးဝါးများ ထိုးဖောက်ဝင်ရောက်လာခြင်းတို့ကြောင့် မကူးစက်နိုင်သော ရောဂါကြီးများဖြစ်ကြသည့် သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါ၊ ကင်ဆာရောဂါအမျိုးမျိုး၊ အဝလွန်ရောဂါ၊ အရိုးပွရောဂါ၊ စိတ်ကျရောဂါ စသည့် ရောဂါအမျိုးမျိုးဖြစ်ပွားလာပြီး သေဆုံးမှုနှုန်းထား မြင့်တက်လာမှုတို့ကို တွေ့ရှိရမည်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ ၂၀၀၈ ခုနှစ်၊ စစ်တမ်းများအရ အသက်(၁၅)နှစ်နှင့်အထက် ကမ္ဘာ့လူဦးရေ၏ ပျမ်းမျှ ၃၁ ရာခိုင်နှုန်း (ကျား ၂၈ ရာခိုင်နှုန်း၊ မ ၃၄ ရာခိုင်နှုန်း) သည် ကျန်းမာရေးအတွက် လုံလောက်သော ကိုယ်လက်လှုပ်ရှားမှု (Physical Activity) မပြုလုပ်ကြဟု ဖော်ပြထားသည်။ တစ်နေ့လျှင် ငါးနာရီနှင့်အထက် ဆက်တိုက်ထိုင်၍ လှုပ်ရှားမှုမရှိဘဲ အလုပ်လုပ်နေသူများသည် မကူးစက်နိုင်သော ရောဂါများဖြစ်ပွားရန် သေချာသလောက်ရှိနေမည်ဖြစ်သည်။ နေ့စဉ် လူတစ်ဦးသည် ကိုယ်လက်လှုပ်ရှားမှု မိနစ် ၃၀ ခန့်နှင့် တစ်ပတ်လျှင် မိနစ် ၁၅၀ ခန့် အနည်းဆုံး ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ရန် လိုအပ်ပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းမှ အကြံပြုထားသည်။ ကိုယ်လက်လှုပ်ရှားမှု နည်းပါးလာခြင်းကြောင့် ကမ္ဘာပေါ်၌ နှစ်စဉ်လူဦးရေ ၃၆ သန်းသည် အထက်ဖော်ပြပါ မကူးစက်နိုင်သော ရောဂါများကြောင့် နှစ်စဉ်သေဆုံးလျက်ရှိပြီး မြန်မာ







နိုင်ငံ၌လည်း သေဆုံးသူဦးရေ ၅၉ ရာခိုင်နှုန်းသည် မကူးစက်နိုင်သော ရောဂါများကြောင့်ဖြစ်သည်။

ထိုသို့ပြောင်းလဲလာသော လူနေမှုပုံစံများနှင့် ကျန်းမာရေးအခြေအနေကို ကာကွယ်ရန်အချက်မှာ နိုင်ငံအတွင်းရှိ ပြည်သူများ ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ ကျန်းမာရေးအတွက် ပြည်သူများသည် မိမိ၏ကိုယ်ပိုင်အချိန်ထဲမှ ကိုယ်လက်လှုပ်ရှားအားကစားနည်းတစ်မျိုးမျိုး(သို့မဟုတ်) လမ်းလျှောက်ခြင်းစသည်တို့ကို မဖြစ်မနေ ဆောင်ရွက်သင့်သည်။ နိုင်ငံတော်အနေဖြင့်လည်း ပြည်သူများ၏ ကျန်းမာရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အားကစားလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်စေရေး အတွက် နည်းလမ်းမျိုးစုံဖြင့် လူထုအားကစားကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သင့်သည်။

## အားကစားပိုမိုပြုလုပ်နိုင်ရန်

ပြည်သူများ အားကစားပိုမိုပြုလုပ်နိုင်ရန် အားကစားကွင်း/ရုံများ၊ ဥယျာဉ်နှင့် ပန်းခြံများကို ဖန်တီးတည်ဆောက်ပေးခြင်း၊ နိုင်ငံတစ်ဝန်းမြို့နယ်များအလိုက် Out Door Fitness များတပ်ဆင်ပေးခြင်း၊ ဝန်ကြီးဌာနအလိုက် ကိုယ်လက်လှုပ်ရှားအားကစားကို အချိန်ပေး ဆောင်ရွက်စေခြင်း၊ အခြေခံပညာကျောင်းများနှင့် အဆင့်မြင့် ပညာတက္ကသိုလ်များတွင် အားကစားချိန်ကို အမှန်တကယ်အကျိုးရှိရှိ ဆောင်ရွက်စေခြင်း၊ တိုင်း/ခရိုင်/မြို့နယ်အလိုက် လူထုအားကစား လှုပ်ရှားမှုများကို ဒေသအာဏာပိုင်များက ဦးစီး၍စနစ်တကျဆောင်ရွက်စေခြင်းတို့ဖြင့် ပြည်သူအများအားကစားလှုပ်ရှားမှုဖြင့် ကျန်းမာကြံ့ခိုင်စေပြီး စိတ်ရွှင်လန်း၍ လုပ်ငန်းခွင်အတွင်းနှင့် မိသားစုဘဝပါ ပျော်ရွှင်စွာဖြတ်သန်းနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အတွက် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ အားကစားအဖွဲ့များ အောင်မြင်မှုရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန်အတွက် လူထုအားကစားကို ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးဆောင်ရွက်ပြီး မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် အောက်ခြေအဆင့်အားကစားပြိုင်ပွဲများအပြင် နှစ်စဉ်အားကစားပြက္ခဒိန်အလိုက် ပုံမှန်ကျင်းပပေးခြင်း၊ အခြေခံပညာကျောင်းများတွင် အားကစားချိန်များသင်ကြားပေးခြင်း၊ အခြေခံပညာကျောင်းပေါင်းစုံ ပြိုင်ပွဲများ၊ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများ၊ ကျောင်းသားအားကစားပြိုင်ပွဲများကို စနစ်တကျ ကျင်းပပေးခြင်း၊ လက်ရွေးစင်အားကစားသမားများ မွေးထုတ်ပေးနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများ၊ အားကစားအဖွဲ့ချုပ်အလိုက် တံခွန်စိုက်ပြိုင်ပွဲများနှင့် အမျိုးသားအားကစားပြိုင်ပွဲများကို ပြန်လည်၍ ကျင်းပပေးနိုင်ရန် အထူးလိုအပ်သည်။

ထို့ပြင် နိုင်ငံတကာ အားကစားပြိုင်ပွဲများ လက်ခံကျင်းပခြင်း၊ နိုင်ငံတကာ အားကစားနည်းအလိုက် ထူးချွန်သောနိုင်ငံများနှင့် ပူးပေါင်းလေ့ကျင့်စေခြင်း၊ အားကစားနှင့်ပညာရေး ပေါင်းစပ်၍ ကျောင်းသားလူငယ်များအကြား အားကစားကို စိတ်ပါဝင်စားအောင် ဆောင်ရွက်ပေးခြင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအောက်ရှိ အားကစားအဖွဲ့ချုပ်အသီးသီးကို ခိုင်မာအောင်ဖွဲ့စည်းပြီး အဖွဲ့ချုပ်တစ်ခုချင်းစီနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့ ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်စေခြင်း၊ အားကစားနှင့်ပတ်သက်၍ မီဒီယာကဏ္ဍကို အသုံးချ၍ ပြည်သူလူထုကို စည်းရုံးဆွဲဆောင်စေခြင်း၊ အောင်မြင်မှုရရှိသော နိုင်ငံဂုဏ်ဆောင် အားကစားသမားများဘဝ အာမခံချက်ရရှိစေရန် နိုင်ငံတော်မှ ထိုက်တန်စွာဆုချီးမြှင့်ခြင်း၊ နိုင်ငံတော်၏ ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ခဲ့ကြသော အားကစားသမားဟောင်းကြီးများအား ဆုကြေးပင်စင်များ ချီးမြှင့်ခြင်း စသည့်ဆောင်ရွက်ချက်များကို အားသွန်ခွန်စိုက် စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်းဖြင့် မြန်မာ့အားကစား အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။

အချုပ်ဆိုရသော် အားကစားသည် နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်သိက္ခာ၊ အရှိန်အဝါကြီးမားသော ပုံရိပ်ဖြစ်သည်သာမက နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကာကွယ်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ပြည်သူများ ကျန်းမာကြံ့ခိုင်ရေးကိုပါ များစွာအထောက်အကူပြုသောအရာပင်ဖြစ်သည်။ အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်သည်။ အားကစားကဏ္ဍမြှင့်တင်ရာတွင် နိုင်ငံတော်အနေဖြင့် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်လာအောင် လူထုအားကစားကို အခြေခံထား၍ စနစ်တကျ အောက်ခြေအဆင့်ဆင့်မှ အမျိုးသားရေးအသွင်ဖြင့် အာရုံစူးစိုက်အကောင်အထည်ဖော် မြှင့်တင်ဆောင်ရွက်သင့်ပေသည်။ သို့မှသာ နိုင်ငံ့အားကစားကဏ္ဍမြင့်တက်လာပြီး ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်သောဘဝပိုင်ဆိုင်ပြီး နိုင်ငံတကာအလယ်တွင် နိုင်ငံ၏ အားကစား အောင်မြင်မှုဖြင့် နိုင်ငံနှင့် လူမျိုး၏ဂုဏ်ကို မြင့်တက်စေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။





# ၂၀၂၃ ခုနှစ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၁၀)မြို့နယ် အသက်(၁၉)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကျင်းပ

● မွန်၊ ဇူလိုင်လ(၁)ရက်။

၂၀၂၃ ခုနှစ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် အသက်(၁၉)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီ အချိန် ရာမညအားကစားကွင်းတွင် ဘီးလင်းမြို့နယ်အသင်းနှင့် ကျိုက်မရောမြို့နယ်အသင်းတို့ယှဉ်ပြိုင်ကစားရာ ဘီးလင်းမြို့နယ်အသင်းမှ ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပါသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ရာ ပထမဆုရရှိသော ဘီးလင်းမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုကို မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုးမှ လည်းကောင်း၊ ဒုတိယဆုရရှိသော ကျိုက်မရောမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကို မွန်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်မှ လည်းကောင်း၊ ပူးတွဲတတိယဆုရရှိသော သထုံမြို့နယ်အသင်းနှင့် ရေးမြို့နယ်အသင်းတို့အား ငွေသားဆုကို မွန်ပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး နိုင်လယိတမမှလည်းကောင်း၊ အကောင်းဆုံးဆုရရှိသော အားကစားသမားများကို ဆုကလပ်နှင့် ငွေသားဆုအား မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများမှလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ ■






















# လူသုံးကုန်ထုတ်လုပ်မှုနည်းပညာပေး သင်တန်းအမှတ်စဉ်(၂/၂၀၂၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ








● နေပြည်တော်၊ ဇူလိုင်လ(၃)ရက်။

မသန်စွမ်း လူငယ်များ၏ဘဝ မြှင့်တင်နိုင်စေရေးအတွက် အိမ်တွင်း အသေးစား တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရင်းဖြင့် ဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူသုံးကုန် ထုတ်လုပ်မှုနည်းပညာပေး သင်တန်းအမှတ်စဉ်(၂/၂၀၂၃)ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ(၂)နာရီတွင် နေပြည်တော်၊ ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အသက်(၁၅)နှစ်မှ (၃၅)နှစ်အတွင်းရှိ သန်စွမ်းသူလူငယ်များနှင့် မသန်စွမ်းသူ လူငယ်များ၏ လူငယ်ဆိုင်ရာ ကဏ္ဍများအတွက် ပိုမိုဖြည့်ဆည်းမြှင့်တင် ဆောင်ရွက်ပေးနိုင်ရေးအတွက် ရည်မှန်းချက်ထားရှိ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်ရေးရာဦးစီးဌာန မသန်စွမ်းလူငယ်ရေးရာဌာနခွဲအနေဖြင့်လည်း မသန်စွမ်းလူငယ်များအား အသက်မွေးပညာရပ်များကို ဖွင့်လှစ်သင်ကြားနိုင်ရေးနှင့်လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်စေရေး၊ မသန်စွမ်းလူငယ်များအတွက် အခွင့်အရေး ကာကွယ်ရေး၊ ဘဝမြှင့်တင် ဖွံ့ဖြိုးတိုးတက်နိုင်စေရေးနှင့် မသန်စွမ်းသူများပါဝင်မှုအပေါ် ပိုမိုလေးနက်စွာနားလည်ပြီး အသိအမှတ်ပြုနိုင်ရေးအတွက် ရည်ရွယ်ပြီး ယခုသင်တန်းအား ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းတွင် ခေါင်းလျှော်ရည်ပြုလုပ်နည်း၊ Hand Gel၊ ဆပ်ပြာတုံး၊ ဆပ်ပြာရည်ပြုလုပ်နည်းများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ မသန်စွမ်းလူငယ်များအနေဖြင့်လည်း အရင်းအနှီး နည်းနည်းဖြင့် အိုးမကွာ အိမ်မကွာ တစ်ပိုင်တစ်နိုင် စီးပွားဖြစ် လုပ်ကိုင်နိုင်ပြီး မိသားစုဝင်ငွေရရှိရေးအတွက် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီနိုင်မည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများသည် မိမိတို့၏ အားနည်းချက်များအပေါ်တွင် အကောင်းဆုံးစွမ်းဆောင်နိုင်သူများ ဖြစ်ကြောင်း၊ အခြေခံယုံကြည်ချက် ထားရှိပြီး ကြိုးစားလေ့လာ သင်ယူသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့် မသန်စွမ်း လူငယ်များအတွက် လူငယ်ရေးရာကိစ္စများနှင့် ပတ်သက်ပြီး မသန်စွမ်းလူငယ်အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် မသန်စွမ်းသူများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများကို သိရှိနားလည်လာခြင်း၊ ထို့အပြင် မသန်စွမ်းလူငယ် ကျား(၂)ဦးနှင့် မ(၁)ဦးတို့ကို မြန်မာနိုင်ငံ မသန်စွမ်းအဖွဲ့ချုပ်မှ အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဘောလုံးနှင့် ပြေးခုန်ပစ် အားကစားနည်းအတွက် ပဏာမလက်ရွေးစင်အဖြစ် ခေါ်ယူစခန်းသွင်းလေ့ကျင့်ပေးနေခြင်း စသည့်အကျိုးရလဒ်ကောင်းများ ရရှိခဲ့သည့်အပြင် လူငယ်ရေးရာ ဦးစီးဌာနမှလည်း အားကစားဝတ်စုံနှင့် ငွေကြေးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် အောင်မြင်မှုဆုတံဆိပ်များ ရယူပေးခဲ့သည့် မသန်စွမ်း အားကစားသမားများကို နိုင်ငံတော်က ထိုက်ထိုက်တန်တန်ဂုဏ်ပြုချီးမြှင့်ပေးခဲ့ပါကြောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့် မသန်စွမ်းလူငယ်များ၏ ပညာရေးနှင့် အားကစားပြိုင်ပွဲများတွင် ထူးချွန်အောင်မြင်သူများကိုလည်း ထိုက်သင့်သလို ထောက်ပံ့မှုများပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မသန်စွမ်းလူငယ်များအနေဖြင့် အားကစားကို ပိုမိုစိတ်ပါဝင်စားလာစေရန် ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ အားကစားကွင်း/အားကစားရုံများတွင် နွေရာသီ အားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့

စာမျက်နှာ(၄၅)သို့

# လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲအခမ်းအနားကျင်းပ





● နေပြည်တော်၊ ဇူလိုင်လ(၁၅)ရက်။

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဗလငါးတန်ပြည့်စုံ၍ အသိပညာဗဟုသုတ ကြွယ်ဝစေရန် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ(၂)နာရီတွင် နေပြည်တော်၊ ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်စေရေး၊ အတွေးအခေါ်မှန်ကန်စေရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးစေရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်ရာတွင် ထူးချွန်သော လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များစွာ လိုအပ်မည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ကြရမည့် မျိုးဆက်သစ်လူငယ်များအပါအဝင် တစ်နိုင်ငံလုံး၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံကျသည့် လိုအပ်ချက်ဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးမှုအစီအစဉ်အဖြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ၊ ပန်းတိုင်(၁၇)ခုကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ



(၁)ရက်နေ့မှ ကမ္ဘာ့ခေါင်းဆောင်အားလုံးက ထောက်ခံအတည်ပြုပြီး နိုင်ငံတိုင်းတွင် အကောင်အထည်ဖော် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးသည် အဓိကမဏ္ဍိုင်တစ်ခု ဖြစ်ကြောင်း၊ လူငယ်တို့ရင်ဆိုင်ကြုံတွေ့ရသည့် စိန်ခေါ်မှုပြဿနာများကို ဖြေရှင်းကျော်လွှား၍ မြန်မာနိုင်ငံရှိ လူငယ်များ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးမှု အနာဂတ်အလားအလာကောင်းများကို ရှေ့ဆောင်လမ်းပြပေးနိုင်ရန် လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ပါ ကဏ္ဍ(၁၆)ရပ်ကို အကောင်အထည်ဖော်ဆောင်ရာတွင် လူငယ်များ၏ ပူးပေါင်းပါဝင်မှုဖြင့် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ လူငယ်ရေးရာကော်မတီများကဦးဆောင်ကာ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း NGO များ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ သက်ဆိုင်ရာပြည်သူလူထုနှင့်လက်တွဲကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အရ စက်တင်ဘာလ (၂၁)ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အဖြစ် ၁၉၈၁ ခုနှစ်တွင် စတင်သတ်မှတ်ပေးခဲ့ပြီး နှစ်စဉ် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကမ္ဘာတစ်ဝှမ်းတွင် ကျင်းပပြုလုပ်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးတက္ကသိုလ်မှ မောင်/မယ် လူငယ်များအနေဖြင့်လည်း ရည်မှန်းချက်စိတ်ကူးများဖြင့် ယခုသင်ကြားနေသည့် စိုက်ပျိုးရေးပညာဘာသာရပ်များကိုလည်း ကြိုးစားသင်ယူပြီး မိမိနိုင်ငံ၏ တောင်သူလယ်သမားဦးကြီးများအား ဦးဆောင်ကူညီပေးနိုင်သည့် မောင်တို့မယ်တို့ဖြစ်အောင် ကြိုးစားအားထုတ်သွားကြရန်လိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းညိုဝင်းက လူငယ်နှင့်ငြိမ်းချမ်းရေးခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောခဲ့ပြီးကျောင်းသား/ကျောင်းသူများအား ဗဟုသုတဉာဏ်စမ်းမေးခွန်းများ မေးမြန်းခြင်းနှင့် ဆုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းက လူငယ်နှင့်ငြိမ်းချမ်းရေးခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောခဲ့သည့် ညွှန်ကြားရေးမှူး ဦးမင်းညိုဝင်းအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပစ္စည်း ပေးအပ်ခဲ့သည်။

ထို့နောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ပေးအပ်လှူဒါန်းသည့် အားကစားပစ္စည်းများကို မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ အတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက ပေးအပ်လှူဒါန်းခဲ့ရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကျောင်းသား/ကျောင်းသူများကိုယ်စား ကိုယ်စားလှယ်(၂)ဦးမှ လက်ခံခဲ့ပြီးနောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာနန်းဆိုင်ဟွမ်က ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကာ အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

အဆိုပါ အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုး၊ လူငယ်ရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာနန်းဆိုင်ဟွမ်နှင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

# ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲ ပွဲစဉ်များဆက်လက်ကျင်းပ











● နေပြည်တော်၊ ဇူလိုင်လ(၁၈)ရက်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ ဗိုဗီနမ်အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရေးနှင့် ဗိုဗီနမ်အားကစားနည်းကို နိုင်ငံအနှံ့ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားကစားကြစေခြင်းဖြင့် ဗိုဗီနမ်အားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ယနေ့နံနက်(၈)နာရီတွင် ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ကျင်းပခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ဗိုဗီနမ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြသည်။



ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား(၆၅)ကီလို အတိုက်ပြိုင်ပွဲ၊ အမျိုးသမီး(၆၀)ကီလိုအတိုက်ပြိုင်ပွဲ၊ အမျိုးသမီး တစ်ကိုယ်တော်လက်သိုင်း စွမ်းရည်ပြပြိုင်ပွဲ၊ အမျိုးသမီး နှစ်ယောက်တွဲ ဓားအတိုက်ပြိုင်ပွဲ၊ အမျိုးသမီးဓားရှည်စွမ်းရည်ပြ ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး အမျိုးသား(၆၅)ကီလို အတိုက်ပြိုင်ပွဲတွင် ဟိန်းမင်းဦး(နေပြည်တော်)က ပထမ၊ စောအောင်ဟိန်း(ကရင်)က ဒုတိယ၊ထွန်းလင်း(မန္တလေး)နှင့် သားငယ်(မွန်)တို့က ပူးတွဲတတိယဆုများကိုလည်းကောင်း၊ အမျိုးသမီး(၆၀) ကီလို အတိုက်ပြိုင်ပွဲတွင် အိအိမွန်(ချင်း)က ပထမ၊ ရွှေရည်ဖူး(မန္တလေး) က ဒုတိယ၊ သော်တာခိုင်(ရောဝတီ) နှင့် ဝင်းသူဇာ(ရှမ်း)တို့က ပူးတွဲ တတိယဆုများကို လည်းကောင်း၊ အမျိုးသမီးတစ်ကိုယ်တော်လက်သိုင်း စွမ်းရည်ပြပြိုင်ပွဲတွင် ယွန်းလဝန်းအိမ်(ရခိုင်)က ပထမ၊ နှင်းဝတ်မှုံဦး(ရှမ်း) က ဒုတိယနှင့် စုမြတ်ငြိမ်း(တနင်္သာရီ) က တတိယဆုများကိုလည်းကောင်း၊ အမျိုးသမီး နှစ်ယောက်တွဲ အသင်းလိုက်(ဓားအတိုက်) ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယနှင့် မန္တလေးတိုင်းဒေသကြီးအသင်းက တတိယဆုများကို လည်းကောင်း၊ အမျိုးသမီး တစ်ကိုယ်တော် ဓားရှည်စွမ်းရည်ပြ ပြိုင်ပွဲများတွင် မွန်ပြည်နယ်အသင်းက ပထမ၊ရခိုင်ပြည်နယ်အသင်းက ဒုတိယနှင့် မန္တလေးတိုင်းဒေသကြီးအသင်းက တတိယဆုများကိုလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

ဇူလိုင်(၁၉)ရက်နေ့တွင် ပြိုင်ပွဲတစ်ရက်နားမည်ဖြစ်ပြီး ဇူလိုင် (၂၀) ရက်နေ့တွင် ဗိုဗီနမ်(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်များကို နံနက်(၈)နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ညနေပိုင်းတွင် ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။









# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေး










● နေပြည်တော်၊ ဇူလိုင်လ(၂၃)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် တာဝန်ရှိသူများနှင့်အတူယမန်နေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး၊ အားကစားဥယျာဉ် စီမံကိန်းအတွင်း တည်ဆောက်လျက်ရှိသည့်အနောက်ဘက်အထူးတန်း ပွဲကြည့်စင်နှင့် မိုးလုံလေလုံ အားကစားရုံတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ပွဲကြည့်စင်အမိုး တပ်ဆင်ခြင်းလုပ်ငန်းအား ယခုလတွင်အပြီးသတ် ဆောင်ရွက်ရန်၊ မိုးရေယိုသည့်နေရာအားပြန်လည်ပြုပြင်သွားရန်နှင့် အားကစားခန်းမကြမ်းခင်း ခင်းကျင်းရာတွင် ညီညာမှုရှိစေရန်၊ အတက်/အဆင်း ပြုလုပ်ရာတွင် အဆင်ပြေ ချောမွေ့စေရေးအတွက် mobile လှေခါးပါ တစ်ပါတည်း တပ်ဆင်ပေးသွားရန်နှင့် ဆောက်လုပ်ရေး လုပ်ငန်းများအား သတ်မှတ်အရည်အသွေး၊စံချိန်စံညွှန်းနှင့်အညီ အချိန်မီ ဆောက်လုပ်ပြီးစီးစေရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးသို့ ဆက်လက်ထွက်ခွာခဲ့ပြီး သန်လျင်မြို့နယ်ရှိ အမိုးပါပွဲကြည့်စင်၊ ဖူဆယ်ရုံနှင့် အားကစားရုံ တည်ဆောက်ရေးလုပ်ငန်းများ၊ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်းရှိ အမိုးပါနှစ်ထပ်ပွဲကြည့်စင်နှင့် (၄)ထပ် အားကစားသမားလေ့ကျင့်ရေးအိပ်ဆောင် တည်ဆောက်ရေး လုပ်ငန်းများ၊ တာမွေမြို့နယ်၊ ကျိုက္ကဆံကွင်း၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအတွင်းရှိ သင်တန်းသား/သင်တန်းသူ (၄)ထပ်အိပ်ဆောင် တည်ဆောက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အဆောက်အဦများ ရေရှည်တည်တံ့စေရေး၊ အရည်အသွေး ပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးတို့အတွက် တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပြီးနောက် တည်ဆောက်ပြီးစီးသည့် အမျိုးသား(၄)ထပ်အိပ်ဆောင်တွင် နေထိုင်ရန်၊ ပြောင်းရွှေ့ပြင်ဆင်ဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး စည်းကမ်းတကျနေထိုင်သွားကြရန်နှင့် အဆောက်အဦများ ရေရှည်တည်တံ့အောင် စနစ်တကျထိန်းသိမ်းစောင့်ရှောက်သွားရန် လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်တွင် လေ့ကျင့်လျက်ရှိသည့် ကျွမ်းဘားအားကစားသမားများအား သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ပြီး လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ရန်ကုန်မြို့ရှိ အားကစားသမားများ၏ လေ့ကျင့်နေမှုများအား သွားရောက်ကြည့်ရှုအားပေး













● နေပြည်တော်၊ ဇူလိုင်လ(၂၃)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည်တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်သို့သွားရောက်၍ အားကစားသမားများ၏ စခန်းသွင်းလေ့ကျင့်နေမှုများနှင့် နေထိုင်စားသောက်ရေး၊ လေ့ကျင့်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။ ထို့နောက် ပြည်နယ်နှင့်တိုင်းဒေသကြီး လှေလှော်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် လှေလှော်အဖွဲ့ချုပ်တွင် လာရောက်လေ့ကျင့်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့၏ ကြိုတင်ပြင်ဆင်လေ့ကျင့်နေမှုများအား သွားရောက်ကြည့်ရှုအားပေးခဲ့ပြီးနောက် ရွက်လှေအဖွဲ့ချုပ်တွင် ရွက်လှေအားကစားသမားများ၏ လေ့ကျင့်နေမှုများအား သွားရောက်ကြည့်ရှု အားပေးခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် ကျင်းပလျက်ရှိသည့် APOLLO AGE GROUP 2023 SWIMMING CHAMPIONSHIP ရေကူးပြိုင်ပွဲအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။ ASEAN SCHOOL GAMES သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မောင်ဘုန်းပြည့်ဟန်သည် အဆိုပါရေကူးပြိုင်ပွဲ အမျိုးသား မီတာ(၈၀၀) အလွတ်ကူးပြိုင်ပွဲတွင် မြန်မာပြည်စံချိန်သစ် တင်နိုင်ခဲ့ပြီး မထက်ဝန်းရံသည် အမျိုးသမီး မီတာ(၁၅၀၀) အလွတ်ကူးပြိုင်ပွဲတွင် မြန်မာပြည်စံချိန်သစ် တင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် MNL League(1) အမျိုးသမီးဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ISPE အမျိုးသမီး ဘောလုံးအသင်း(၂)သင်းမှ အားကစားသမားများအား သွားရောက်တွေ့ဆုံ၍ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

---

▶ စာမျက်နှာ(၄၁)...မှအဆက်

ကြောင်း၊ မသန်စွမ်းလူငယ်များနှင့်ပတ်သက်ပြီး ရေရှည်တွင်ပိုမိုအကျိုးရှိစေမည့် အသက်မွေးဝမ်းကြောင်းအတတ်ပညာအဖြစ် ဆပ်ပြာထုတ်လုပ်မှုသင်တန်းများသာမက အခြားလက်မှု အတတ်ပညာများဖြစ်သည့် ဆိုင်ကယ်ပြင်သင်တန်း၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းမှု သင်တန်း၊ စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာပေးသင်တန်း စသည့်သင်တန်းများကို တစ်နိုင်ငံလုံးရှိ မြို့နယ်အသီးသီးတွင် သင်ကြားပေးနိုင်ရန် ဆက်လက်ကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးမှ အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ လူသုံးကုန်ပစ္စည်းသင်တန်းနှင့် ဆိုင်ကယ်ပြင်သင်တန်းများကိုဖွင့်လှစ်သင်ကြားပေးခြင်းအတွက် မသန်စွမ်းလူငယ်များဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝင်ငွေတိုးပွားလာစေရန် များစွာအထောက်အကူပြုသည့် အတွက် အားကစားနှင့် လူငယ်ရေးဝန်ကြီးဌာနကို မသန်စွမ်းလူငယ်များကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။အဆိုပါ အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုး၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)မှ လူငယ်ရေးရာကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

လူသုံးကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်း အမှတ်စဉ် (၂/၂၀၂၃) ကို ဇူလိုင်လ (၃)ရက်မှ (၇)ရက်အထိ ပေါင်းလောင်းအားကစားခန်းမ၌ သင်တန်းသား/သင်တန်းသူ(၂၅)ဦးအား အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နန်းကေခိုင်မြတ်ထွန်းနှင့် ဒုတိယဦးစီးမှူး ဒေါ်ခိုင်ခိုင်မော်တို့မှ သင်ခန်းစာများကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့် လူငယ်ရေးရာဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများနှင့် တွေ့ဆုံမိတ်ဆက်ခြင်းနှင့် လမ်းညွှန်အမှာစကားခံယူခြင်း အခမ်းအနားကျင်းပ













● နေပြည်တော်၊ ဇူလိုင်လ(၂၄)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့် လူငယ်ရေးရာဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများနှင့် တွေ့ဆုံမိတ်ဆက်ခြင်းနှင့် လမ်းညွှန်အမှာစကားခံယူခြင်း အခမ်းအနားကို ယနေ့နံနက်(၁၀း၀၀)နာရီအချိန်တွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လူငယ်ရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းနှင့် ညွှန်ကြားရေးမှူးများ၊ အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။



ဦးစွာ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းက ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကကဏ္ဍများ၊ လူငယ်အသိပညာပေးဟောပြောပွဲများ၊ အသက်မွေးဝမ်းကျောင်း သင်တန်းများနှင့် အစီအစဉ်များကို ဆောင်ရွက်မှုအခြေအနေများ၊ အာဆီယံတွင် တာဝန်ယူဆောင်ရွက်နေသည့် လူငယ်ရေးရာ လုပ်ငန်းစဉ်များ၊အာဆီယံလူငယ်ဆိုင်ရာ အစည်းအဝေးများ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေမှုအခြေအနေများနှင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးအား လူငယ်ရေးရာဦးစီးဌာနရှိ စီမံခန့်ခွဲရေးနှင့်ဘဏ္ဍာရေးဌာနခွဲ၊ လူ့စွမ်းအားအရင်းအမြစ်၊ လေ့ကျင့်ရေးနှင့် အသိ

>>>

# ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ် ဆက်လက်ကျင်းပ











● နေပြည်တော်၊ ဇူလိုင်လ(၂၆)ရက်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ ဖူဆယ်အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုခိုင်မာလာစေရေးနှင့် ဖူဆယ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ် (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက် (၇)နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပခဲ့သည်။



ယနေ့နံနက်ပိုင်းတွင် (အမျိုးသမီး)ပွဲစဉ်အဖြစ် မွန်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို (၂)ဂိုး၊(၁)ဂိုးဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို (၄)ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို (၁)ဂိုး၊ ဂိုးမရှိဖြင့် လည်းကောင်း၊ (အမျိုးသား)ပွဲစဉ်များအဖြစ် မန္တလေးတိုင်း ဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို (၄)ဂိုး၊(၁)ဂိုးဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို (၇)ဂိုး၊ (၁)ဂိုးဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို (၄)ဂိုး၊ (၃)ဂိုးဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို (၄)ဂိုး၊ ဂိုးမရှိဖြင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

အဆိုပါပြိုင်ပွဲများသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ တပ်မတော်မှ အရာရှိကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။

---

>>

ပညာပေးဌာနခွဲ၊ သတင်းပြန်ကြားရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနခွဲနှင့် မသန်စွမ်းလူငယ်များ ဌာနခွဲတို့မှ အရာထမ်း/အမှုထမ်းများက တစ်ဦးချင်း ဂါရဝပြု မိတ်ဆက်ခဲ့ကြပါသည်။

ဆက်လက်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က နှုတ်ခွန်းဆက် လမ်းညွှန်အမှာစကား ပြောကြားရာတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနသည် ယခုမှအသစ်ဖွဲ့စည်းထားသည့် ဦးစီးဌာနဖြစ်သည့်အတွက် ဝန်ကြီးဌာန အသီးသီးမှ ပြောင်းရွှေ့တာဝန် ထမ်းဆောင်လာကြသော ဝန်ထမ်းများနှင့် အသစ်ထပ်မံခန့်ထားသည့် ဝန်ထမ်းများမှ မိမိတို့ဦးစီးဌာန တိုးတက်အောင် အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် အခက်အခဲ တစ်စုံတစ်ရာရှိပါက တာဝန်ရှိသူများမှတစ်ဆင့် မိမိထံသို့ တင်ပြသွားပြီး မိမိမှလည်း အတတ်နိုင်ဆုံးကူညီဖြေရှင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဦးစီးဌာနမှချမှတ်ထားသည့် ရည်မှန်းချက်၊ မူဝါဒ၊ လုပ်ငန်းစဉ်များအား ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက် အခမ်းအနားအားနံနက်(၁၁း၃၀)နာရီတွင် အောင်မြင်စွာရုပ်သိမ်းခဲ့ပါသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်သည် ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းနှင့်တာဝန်ရှိသူများနှင့်အတူ ဌာနခွဲ(၄)ခုသို့ လိုက်လံကြည့်ရှု၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။

# မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၂၃) ကျင်းပ














● နေပြည်တော်၊ ဇူလိုင်လ(၂၇)ရက်။

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်း ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်း အဝေးအမှတ်စဉ်(၂/၂၀၂၃)ကိုယနေ့ မွန်းလွဲပိုင်းတွင် လူငယ်ရေးရာဦးစီး ဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ သည်။



အစည်းအဝေးတွင် မြန်မာနိုင်ငံ လူငယ်ရေးရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်း ထက်က အဖွင့်အမှာစကားပြောကြား ရာတွင် ဩဂုတ်လ(၁၂)ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားအောင် မြင်စွာ ကျင်းပနိုင်ရေးအတွက် ယခ အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ တက္ကသိုလ်ဝင်တန်းစာမေး ပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူ များနှင့်ကဏ္ဍအသီးသီးတွင် ထူးချွန် ဆုရရှိခဲ့ကြသူများကို အပြည်ပြည် ဆိုင်ရာ လူငယ်များနေ့ အခမ်းအနား တွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ် ပါကြောင်း၊ ထူးချွန်ဆုများအဖြစ် အားကစား၊ ပညာရေးနှင့် ကဏ္ဍ အသီးသီးတို့တွင် အပြည်ပြည်ဆိုင်ရာ ထူးချွန်ဆုရရှိခဲ့ကြသူများ၊ အာဆီယံ ထူးချွန်ဆု၊ တစ်နိုင်ငံလုံး ကဏ္ဍ အလိုက် ထူးချွန်သူ ပထမတစ်ဦးကို သာဆုချီးမြှင့်ရန်အတွက် ဝန်ထမ်း မိသားစုများမှထူးချွန်သူများ၊ အင်္ဂလိပ် စာထူးချွန်သူများ၊ ရေကြောင်း/လေ ကြောင်းလူငယ်၊ ကင်းထောက်လူငယ်၊ လူရည်ချွန် လူငယ်၊ မီးသတ်လူငယ်၊ ကြက်ခြေနီလူငယ်နှင့် ပညာရေး ထူးချွန်သည့်လူငယ်များကို ဂုဏ်ပြု ဆုများ အသီးသီး ပေးအပ်ချီးမြှင့် သွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ပြည်တွင်းပြိုင်ပွဲများနှင့် အပြည်ပြည် ဆိုင်ရာပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူ များ၏ အမည်စာရင်းများကို လူငယ် ရေးရာဦးစီးဌာနသို့ သတ်မှတ်ရက် အတွင်း အချိန်မီပေးပို့စေလိုကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကို အောင်မြင်စွာကျင်းပ နိုင်ရေးအတွက် မြန်မာနိုင်ငံလူငယ် ရေးရာလုပ်ငန်းကော်မတီ အဖွဲ့ဝင် များနှင့် ဌာနဆိုင်ရာ အသီးသီးရှိ တာဝန်ရှိသူများမှ ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ပေးစေလိုကြောင်း ပြော ကြားခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများမှ အပြည် ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်း အနား အောင်မြင်စွာကျင်းပနိုင်ရေး

>>












အတွက် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ၊ တည်းခိုနေထိုင်ရေးနှင့်အခမ်းအနားပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များ၊ ထူးချွန်ဆုချီးမြှင့်မည့် အစီအစဉ်များ၊ အထွေထွေကိစ္စရပ်များနှင့် ပတ်သက်၍ အသီးသီးဆွေးနွေးတင်ပြခဲ့ကြပြီး မြန်မာနိုင်ငံလူငယ်ရေးရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်လမ်းညွှန်ပြောကြားခဲ့ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့သည်။

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ(၅၀)သို့

# ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များ ဆက်လက်ကျင်းပ









● နေပြည်တော်၊ ဇူလိုင်လ(၂၇)ရက်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ ဖူဆယ်အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရေးနှင့် ဖူဆယ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက် (၇)နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် (အမျိုးသမီး)ပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို (၂)ဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို (၃)ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို (၇)ဂိုး(၃)ဂိုးဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို (၂)ဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ (အမျိုးသား) ပွဲစဉ်များတွင် ကချင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို (၈)ဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊နေပြည်တော်ကောင်စီနယ်မြေအသင်းက ကယားပြည်နယ်အသင်းကို (၄)ဂိုး (၃)ဂိုးဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို (၄)ဂိုး (၁)ဂိုးဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက် (၄)ဂိုးစီ သရေ ရလဒ်ဖြင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါပြိုင်ပွဲများသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ တပ်မတော်မှ အရာရှိကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။

▶ စာမျက်နှာ(၄၉)သတင်း. . .မှအဆက်













# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများအား သွားရောက်ကြည့်ရှုစစ်ဆေး


















● နေပြည်တော်၊ ဇူလိုင်လ(၂၉)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ပြင်ဦးလွင်ခရိုင် အားကစားကွင်းပတ်လည် အုတ်တံတိုင်းကာရံမှု အခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ရက်အတွင်း အချိန်မီ ပြီးစီးစေရေးနှင့် ရေရှည်တည်တံ့စေရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အောင်မြေသာစံမြို့နယ်၊ မန္တလေးတောင်ခြေရှိ ရွှေမန်းတောင်အားကစားကွင်းပတ်လည် Inner Fencing ပေ(၁၆၀၀)ကာရံခြင်း၊ ကွင်းပတ်လည်အကျယ် ပေ(၇၀)အရှည်ပေ(၁၂၀၀) ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းအားလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားကွင်း/အားကစားရုံများ သန့်ရှင်းသာယာမှုရှိစေရေး၊ ရေရှည်တည်တံ့စေရေးနှင့် ပြည်သူများ လာရောက်လေ့ကျင့်ကစားနိုင်စေရေးတို့အတွက် ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများအား

စာမျက်နှာ(၅၂)သို့

# ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ









● နေပြည်တော်၊ ဇူလိုင်လ(၃၀)ရက်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ ဖူဆယ်အားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုခိုင်မာလာစေရေးနှင့် ဖူဆယ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက်(၇)နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် (အမျိုးသမီး)ပွဲစဉ်များအဖြစ် ရှမ်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို (၂)ဂိုး (၁)ဂိုးဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို (၄)ဂိုး (၁)ဂိုးဖြင့်လည်းကောင်း၊ (အမျိုးသား) ပွဲစဉ်များတွင် မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို (၅)ဂိုး (၃)ဂိုးဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီး အသင်းကို (၅)ဂိုး(၄)ဂိုးဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါပြိုင်ပွဲများသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ တပ်မတော်မှ အရာရှိကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။





▶ စာမျက်နှာ(၅၁)...မှအဆက်

လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။



ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းဝန်းအတွင်းရှိ အားကစားကွင်း/အားကစားရုံများ၊ သင်တန်းသား/သင်တန်းသူများ၏ အိပ်ဆောင်နှင့် စားရိပ်သာများ၊ ဝန်ထမ်းများ၏ ရုံးခန်းများ၊ ရှင်းလင်းဆောင်ပြင်ဆင်ထားရှိမှု အခြေအနေများအားလိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက်သင်တန်းသား/သင်တန်းသူများ၏ နေထိုင်စားသောက်မှုများ၊ လေ့ကျင့်မှုများ အဆင်ပြေချောမွေ့စေရေးနှင့် အခက်အခဲများအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲအခမ်းအနား တက်ရောက်အမှာစကားပြောကြား





















● ဇမ္ဗူသီရိ၊ ဇူလိုင်လ(၁၈)ရက်။

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဗလငါးတန်ပြည့်စုံ၍ အသိပညာဗဟုသုတ ကြွယ်ဝစေရန် ရည်ရွယ်၍ နေပြည်တော်လူငယ်ရေးရာကော်မတီမှ ကြီးမှူးကျင်းပသော လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ဇမ္ဗူသီရိမြို့နယ် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော်လူငယ်ရေးရာကော်မတီဒုတိယဥက္ကဋ္ဌ၊နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာ သီရိနွယ်၊ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာနေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့လူငယ်တွေဟာ နောင်တစ်ချိန်တွင် တိုင်းပြည်တာဝန်ကို ပုခုံးပြောင်းတာဝန်ယူထမ်းဆောင်ကြမဲ့ သူတွေပဲဖြစ်ပါကြောင်း၊ လက်ရှိနိုင်ငံတော်တိုးတက်ဖွံ့ဖြိုးဖို့ ယခုထက် အဆင့်မြင့်ပြီး နိုင်ငံတကာနဲ့ ရင်ဘောင်တန်းနိုင်ဖို့ဆိုရင် ယနေ့အခမ်းအနားကို တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များ အပါအဝင် တစ်နိုင်ငံလုံးရှိ လူငယ်များရဲ့ကဏ္ဍဟာ အထူးအရေးကြီးပါကြောင်း၊ ပုခုံးပြောင်း တာဝန်ယူကြရမည့် လူငယ်များသည်လည်း ပညာအရည်အချင်းများ ပြည့်ဝပြီး ဗလငါးတန်ပြည့်စုံကာ တန်ဖိုးရှိတဲ့ လူငယ်တွေဖြစ်လာရင် တိုင်းပြည်ဟာလည်း တန်ဖိုးရှိပြီး ဖွံ့ဖြိုးတိုးတက်လာမှာ သေချာပါကြောင်း၊

မိမိ မိသားစုနှင့် မိမိတိုင်းပြည်အတွက် တန်ဖိုးရှိတဲ့ လူသားဖြစ်ဖို့

စာမျက်နှာ(၅၄)သို့

# ၂၀၂၃ ခုနှစ်၊ အိုလံပစ်နေ့ အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲကျင်းပ









● နေပြည်တော်၊ ဇူလိုင်လ(၃)ရက်။

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)မှ လက်ရွေးစင် မြားပစ်အားကစားသမားများနှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (Youth Camp)မှ လူငယ်မျိုးဆက်သစ်မြားပစ်အားကစားသမားများ၏ ၂၀၂၃ ခုနှစ်၊ အိုလံပစ်နေ့ အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ မြားပစ်လေ့ကျင့်ရေးကွင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် နံနက်ပိုင်းတွင် မြား(၃၆)ချောင်း (၂)ကြိမ်၊ မြား(၇၂)ချောင်း (Ranking Round) ပစ်ခတ်ခဲ့ပြီးနောက် ညနေပိုင်းတွင် ရှုံးထွက်ပွဲစဉ်များအဖြစ် ကွာတားဖိုင်နယ်ပွဲစဉ်များ၊ အကြိုဗိုလ်လုပွဲ ပွဲစဉ်များ၊ တတိယလုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင် ပစ်ခတ်ခဲ့ကြသည်။

အဆိုပါ Compound တစ်ဦးချင်းရှုံးထွက် တတိယလုပွဲ ပွဲစဉ်တွင် မောင်မြင့်မြတ်ဗိုလ်နှင့် မကေကေခိုင်တို့ ယှဉ်ပြိုင်ပစ်ခတ်ခဲ့ရာ မောင်မြင့်မြတ်ဗိုလ်က ရမှတ်(၁၂၇)မှတ်၊ မကေကေခိုင်က ရမှတ်(၁၁၄)မှတ်ဖြင့် မောင်မြင့်မြတ်ဗိုလ်က တတိယဆုကိုလည်းကောင်း၊ Re-curve တစ်ဦးချင်းရှုံးထွက် တတိယလုပွဲ ပွဲစဉ်တွင် မပြည့်စုံနှင်းနှင့် မသီတာနွယ်တို့ ယှဉ်ပြိုင်ပစ်ခတ်ခဲ့ရာ မပြည့်စုံနှင်းက ရလဒ်(၃)ပွဲပြတ်ဖြင့် တတိယဆုကို လည်းကောင်း၊ Compound တစ်ဦးချင်း ရှုံးထွက် ဗိုလ်လုပွဲ ပွဲစဉ်တွင် မောင်ဇင်သူရိန်မှူးနှင့် မောင်အောင်ကိုဦးတို့ ယှဉ်ပြိုင်ပစ်ခတ်ခဲ့ရာ မောင်အောင်ကိုဦးက ရမှတ်(၁၁၇)မှတ်ဖြင့် ဒုတိယ၊ မောင်ဇင်သူရိန်မှူးက ရမှတ်(၁၃၀)မှတ်





▶ စာမျက်နှာ(၅၃)•••မှအဆက်

ယခုကျောင်းသား၊ ကျောင်းသူအရွယ်ကတည်းက အရည်အချင်းတွေပြည့်စုံအောင် ပညာကို ကြိုးစားသင်ကြားရုံမက (ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ) ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အသိပညာ ဗဟုသုတ ကြွယ်ဝစေရန်အနာဂတ်ကို ဦးဆောင်နိုင်သည့် လူငယ်များဖြစ်လာစေရန် ကြိုးစားနေထိုင် သွားကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လူငယ်ရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်စိုးလင်းက လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောခဲ့သည်။ ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် အားကစားသရုပ်ပြအဖွဲ့က တိုက်ကွမ်ဒို အားကစားနည်းဖြင့် သရုပ်ပြသခဲ့ရာနေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့်တာဝန်ရှိသူများကကြည့်ရှုအားပေးခဲ့ကြပြီး လူငယ်ရေးရာဦးစီးဌာနမှ ဉာဏ်စမ်းပဟေဠိ အမေး၊ အဖြေအစီအစဉ်ကို ဆက်လက်ပြုလုပ်ရာ ကျောင်းသား၊ ကျောင်းသူများက ပျော်ရွှင်စွာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက အမှတ်(၉)အခြေခံပညာ အထက်တန်းကျောင်းအတွက် အားကစားပစ္စည်းများအား လည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် အားကစားသရုပ်ပြအဖွဲ့အား ဂုဏ်ပြုဆုငွေများနှင့် ဉာဏ်စမ်းပဟေဠိ အမေး၊ အဖြေ အစီအစဉ်တွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။ ■

# ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ





● နေပြည်တော်၊ ဇူလိုင်လ(၂၈)ရက်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ ဖူဆယ်အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရေးနှင့် ဖူဆယ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက်(၇)နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ကွာတားဖိုင်နယ်ပြိုင်ပွဲ (အမျိုးသမီး)ပွဲစဉ်များ

စာမျက်နှာ(၅၆)သို့ ▶









▶▶

ဖြင့် ပထမဆုကိုလည်းကောင်း၊ Recurve တစ်ဦးချင်းရှုံးထွက် ဗိုလ်လု ပွဲပွဲစဉ်တွင် မောင်သီဟထက်ဇော်နှင့် မောင်နိုင်လင်းထက်တို့ ယှဉ်ပြိုင်ပစ်ခတ်ခဲ့ရာ မောင်သီဟထက်အောင်က ရလဒ်(၃)ပွဲပြတ်ဖြင့် မောင်နိုင်လင်းထက်အား ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပြီး ပထမဆုကိုလည်းကောင်း၊ မောင်နိုင်လင်းထက်က ဒုတိယဆုကို လည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်



ကျင်းပရာ Compound တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိခဲ့သူများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းကလည်းကောင်း၊ Recurve တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးကလည်းကောင်း ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

# ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ










● နေပြည်တော်၊ ဇူလိုင်လ(၂၉)ရက်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ ဖူဆယ်အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရေးနှင့် ဖူဆယ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက်(၇)နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ကွာတားဖိုင်နယ်ပြိုင်ပွဲ(အမျိုးသား) ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီး အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို (၄)ဂိုး (၁)ဂိုးဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက မွန်ပြည်နယ်အသင်းကို (၅)ဂိုး(၁)ဂိုးဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက ကချင်ပြည်နယ် အသင်းကို (၅)ဂိုး (၄)ဂိုးဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းကနေပြည်တော်ကောင်စီနယ်မြေအသင်းကို (၄)ဂိုး (၂)ဂိုး ဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

အဆိုပါပြိုင်ပွဲများသို့ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ တပ်မတော်မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရှိရသည်။






▶ စာမျက်နှာ(၅၅)၊၊၊မှအဆက်

အဖြစ် မကွေးတိုင်းဒေသကြီး အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို (၅)ဂိုး (၁)ဂိုးဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို (၇)ဂိုး(၂)ဂိုးဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အသင်းက ရန်ကုန်တိုင်းဒေသကြီး အသင်းကို (၃)ဂိုး (၂)ဂိုးဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီး အသင်းကို (၉)ဂိုး(၂)ဂိုးဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

အဆိုပါပြိုင်ပွဲများသို့ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ တပ်မတော်မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရှိရသည်။

# မြန်မာ့အားကစားလောက ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ပြန်လည်ဦးမော့လာစေရေးအတွက် ထိထိရောက်ရောက် အကျိုးများစေမည့် အချက်အလက်များရရှိရေးနှင့်ပတ်သက်၍ အားကစား စီမံကိန်းနှင့် သုတေသနဖွံ့ဖြိုးရေးကော်မတီ(၁/၂၀၂၃) ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး အခမ်းအနားကျင်းပ










● နေပြည်တော်၊ ဇူလိုင်လ(၃)ရက်။

ပြည်တွင်း၊ ပြည်ပ အားကစားပြိုင်ပွဲများအား စောင့်ကြည့်လေ့လာအကဲဖြတ်ဆောင်ရွက်ရေး၊အားကစားဆိုင်ရာသုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးကြိုးပမ်းဆောင်ရွက်ကြရာတွင် အားကစားစီမံကိန်းနှင့်သုတေသနလုပ်ငန်းကော်မတီအနေဖြင့် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်စေရေး၊ မြန်မာ့အားကစားလောကဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြန်လည်ဦးမော့လာစေရေးအတွက် ထိရောက်အကျိုးများစေမည့် အချက်အလက်များ ရရှိရေးနှင့်ပတ်သက်၍ အားကစားစီမံကိန်းနှင့် သုတေသနဖွံ့ဖြိုးရေးကော်မတီ (၁/၂၀၂၃) ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်(၁၀)နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း (အပေါ်ထပ်) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



အစီအစဉ်အရ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာ့အားကစား အဆင့်အတန်းမြင့်မားလာစေရန်နှင့် ယခုထက်ပိုပြီး အောင်မြင်မှုရရှိစေရန် ရည်ရွယ်၍ အားကစားစီမံကိန်းနှင့် သုတေသနဖွံ့ဖြိုးရေးကော်မတီကို အဖွဲ့ဝင်(၁၄)ဦးဖြင့် ၂၀၂၃ခုနှစ်၊ မေလ(၁၉)ရက်နေ့တွင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ဝန်ကြီးဌာနက ပေးအပ်ထားသည့် ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းပြီးစီးမှုအခြေအနေများကို နောက်ပိုင်းတွင် အစည်းအဝေးများကျင်းပပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သုတေသနလုပ်ငန်းများကို ရေရှည်ဆောင်ရွက်နိုင်ရန်အတွက် အားကစားသုတေသနကျင့်ဝတ်ကော်မတီနှင့် အဖွဲ့အစည်းဆိုင်ရာ သုံးသပ်ရေးဘုတ်အဖွဲ့အားပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများကို အဆင့်ဆင့်တင်ပြပြီး ဖွဲ့စည်းနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အားကစား သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျင့်ဝတ်ကော်မတီ၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲတိုင်း၌ စောင့်ကြည့်လေ့လာအကဲဖြတ်ပြီး သုံးသပ်သည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဒိုင်/နည်းပြနှင့် အားကစားသမားများ၊ ပူးပေါင်းပါဝင် ဆောင်ရွက်ကြသည့် ဝန်ထမ်းများ၏ အရည်အသွေးများ ယခုထက် ပိုမိုတိုးတက်နိုင်ရန်အတွက် စောင့်ကြည့်လေ့လာ အကဲဖြတ်မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် မြန်မာအားကစားအဖွဲ့များအနေဖြင့် အရည်အသွေးမြင့်မားစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အားကစားသုတေသနလုပ်ငန်းများအား ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ အားကစားနှင့်ကာယပညာ(သိပ္ပံ)ကျောင်းများ၊ အားကစားနှင့် သက်ဆိုင်သည့် နယ်ပယ်များအသီးသီး၌ဖြစ်ပေါ်နေသည့် အကြောင်းအရာကိစ္စများ၏ အားနည်းချက်/အားသာချက်များကိုလည်း စောင့်ကြည့်လေ့လာအကဲဖြတ် ဆောင်ရွက်ခဲ့ကြောင်း၊ လိုအပ်ချက်များကို အထက်အကြီးအကဲများထံ ဆက်လက်တင်ပြပြီး ညွှန်ကြားချက်များအား သိရှိစေရန် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံများသို့ သွားရောက်ပြီး သင်တန်းသားများ၏ လေ့ကျင့်နေမှု အခြေအနေများ၊ နည်းပြများ၏ သင်ကြားမှုအခြေအနေများ၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာ စီမံကွပ်ကဲမှုများအား သွားရောက်စစ်တမ်းကောက်ယူခဲ့ခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက် အားကစားစီမံကိန်းနှင့် သုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဦးရဲလွင်က

စာမျက်နှာ(၅၈)သို့

# ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး အသင်းအုပ်ချုပ်သူများနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ





● နေပြည်တော်၊ ဇူလိုင်လ(၁၆)ရက်။

၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး အသင်းအုပ်ချုပ်သူများနှင့် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်းရှိ Cluster-7 (စားရိပ်သာ)၌ကျင်းပခဲ့ရာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ-၁ မှ ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်၊ အားကစား စီမံကိန်းနှင့် သုတေသန ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးရဲလွင်၊ အားကစားဆေးဘက်ဌာနခွဲမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာထက်ဝေနှင့် ဗိုဗီနမ်အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက အဖွင့်အမှာစကား ပြောကြားရာ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးမှ ဗိုဗီနမ်အားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာ



လာစေရေးနှင့် ဗိုဗီနမ်အားကစားနည်းကို နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားကစားကြစေခြင်းဖြင့် ဗိုဗီနမ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ယခုပြိုင်ပွဲကို ကျင်းပပြုလုပ်ပေးရခြင်းဖြစ်ပါကြောင်း၊ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ ကြိုတင်ဖြန့်ဝေပေးထားပြီးဖြစ်သောကြောင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းနှင့် မကိုက်ညီသည့် အားကစားသမားများကို ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည် မဟုတ်ကြောင်းနှင့် တွေ့ရှိပါက ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲတွင် ဆုရရှိသည့် အားကစားသမားများကို ဆုတံဆိပ်နှင့် ဆုဖလားများအပြင် ဆုကြေးငွေများလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် အမျိုးသား တံခွန်စိုက်ဗိုလ်၊ အမျိုးသမီးတံခွန်စိုက်ဗိုလ်နှင့် စုပေါင်းတံခွန်စိုက်ဗိုလ်များလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုပြိုင်ပွဲ၌ တစ်ဦးချင်း (အတိုက်)ပြိုင်ပွဲတွင် ပထမဆု ကျပ် (၁)သိန်း၊ဒုတိယဆု ကျပ်(၇)သောင်း၊ ပူးတွဲတတိယဆု ကျပ်(၅)သောင်း၊ တစ်ဦးချင်း(အပြ)ပြိုင်ပွဲတွင် ပထမဆု ကျပ်(၁)သိန်း၊ ဒုတိယဆု ကျပ် (၇) သောင်း၊တတိယဆု ကျပ်(၅)သောင်း၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆု ကျပ်(၃) သိန်း၊ ဒုတိယဆု ကျပ် (၂) သိန်း၊ တတိယဆု ကျပ်(၁)သိန်း၊ အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆု ကျပ်(၅) သိန်း၊ ဒုတိယဆု ကျပ် (၃) သိန်း၊ တတိယဆု ကျပ်(၂)သိန်းနှင့် အကောင်းဆုံး အားကစားသမားများဆု အတွက် တစ်ဆုလျှင် ကျပ်(၁)သိန်းနှုန်းဖြင့် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်နေ့မှ ၂၀ ရက်နေ့ အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A) တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း(၁၃)သင်း၊ အမျိုးသမီးအသင်း(၁၃)သင်း၊ အားကစားသမား အင်အား စုစုပေါင်း (၂၂၀)ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၁)မှ ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်က ပြိုင်ပွဲဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ အားကစားစီမံကိန်းနှင့် သုတေသနဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးရဲလွင်က ပြိုင်ပွဲဆိုင်ရာ သုတေသနကိစ္စရပ်များကိုလည်းကောင်း၊ အားကစား

▶▶

▶ စာမျက်နှာ(၅၇)မှအဆက်

လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းဆိုင်ရာများ၊ အားကစားစီမံကိန်းနှင့် သုတေသနဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရခြင်းများနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ တာဝန်ရှိသူများက ဘတ်ဂျက်လျာထားနိုင်မှု အခြေအနေများ၊ အားကစား အထောက်အကူပြုပစ္စည်းများ အရည်အသွေး ကောင်းမွန်ပြီး လုံလောက်စွာထုတ်ပေးနိုင်မှု အခြေ



အနေများ အသီးသီး ဆွေးနွေးတင်ပြခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် တာဝန်ရှိသူများထံ ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အဆိုပါအစည်းအဝေးသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦး၊ အားကစား စီမံကိန်းနှင့် သုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဦးရဲလွင်၊ အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် လူငယ်ရေးရာဦးစီးဌာန မှ တာဝန်ရှိသူများက In-Person ဖြင့် တက်ရောက်ခဲ့ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ တာဝန်ရှိသူ များက Virtual စနစ်ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

# ၂၀၂၃ ခုနှစ်၊ (၄၇)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အသင်းအုပ်ချုပ်သူများနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ









● ရန်ကုန်၊ဇူလိုင်လ(၂၂)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသည့် (၄၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကျင်းပနိုင်ရေး အသင်းအုပ်ချုပ်သူများနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေး အခမ်းအနားကို ယနေ့နံနက်(၁၀)နာရီက ရန်ကုန်မြို့ မရမ်းကုန်မြို့နယ်၊ မင်းဓမ္မလမ်းရှိ MCC ခန်းမဥ္ဓကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ-၁ မှ ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှု



အားကစားအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းနှင့် အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးမှ အသင်းအုပ်ချုပ်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရေးနှင့်ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ ကျင်းပပြုလုပ်ပေးရခြင်းဖြစ်ပါကြောင်း၊ ပြိုင်ပွဲမကျင်းပမီ နေထိုင်စားသောက်ရေး အဆင်မပြေဖြစ်ပါက မိမိနှင့်အတူ ယှဉ်ပြိုင်လေ့ကျင့်ရေးဌာနခွဲ-၁ မှ ညွှန်ကြားရေးမှူးအား ပြောကြား၍ ရပါကြောင်း၊ ကျန်းမာရေးနှင့် လုံခြုံရေးကို အထူးဂရုစိုက်စေလိုကြောင်း၊ ယခုပြိုင်ပွဲတွင် အဖက်ဖက်မှ ခက်ခဲမှုရှိသောကြောင့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ အင်ပြည့်အားပြည့် အပြည့်အစုံဖြင့် ပါဝင်လာသောကြောင့် ပြည်နယ်မှူး၊ တိုင်းမှူးနှင့် အသင်းအုပ်ချုပ်သူများအား အထူးကျေးဇူးတင်ရှိပါကြောင်း၊ အဖွဲ့ချုပ်မှ ပံ့ပိုးပေးသည့်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက ပြိုင်ပွဲနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲကို ဇူလိုင်လ(၂၃) ရက်နေ့တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ MCC ခန်းမဥ္ဓ နံနက်(၁၀)နာရီမှ ညနေဆုပေးပွဲအချိန်ထိ အမျိုးသားအသင်း(၁၅)သင်း၊ အမျိုးသမီးအသင်း(၁၅)သင်း တို့ယှဉ်ပြိုင်သွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်း သိရှိရသည်။

▶▶

ဆေးဘက်ဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထက်ဝေက ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဗိုဗီနမ်အဖွဲ့ချုပ်မှတာဝန်ရှိသူများက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍လည်းကောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အသင်းအုပ်ချုပ်သူ/နည်းပြများက ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်ပတ်သက်၍လည်းကောင်း အသီးသီး ဆွေးနွေးတင်ပြခဲ့ကြသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

# ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး အသင်းအုပ်ချုပ်သူများနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ









● နေပြည်တော်၊ ဇူလိုင်လ(၂၃)ရက်။

၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး အသင်းအုပ်ချုပ်သူများနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို မွန်းလွဲ(၁)နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိGold Medal Hall ၌ ကျင်းပခဲ့သည်။



အစည်းအဝေးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက အဖွင့်အမှာစကား ပြောကြားရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ဖူဆယ်အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရေးနှင့် ဖူဆယ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ယခုပြိုင်ပွဲကို ကျင်းပပြုလုပ်ပေးရခြင်း ဖြစ်ပါကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းများ ကြိုတင်ဖြန့်ဝေပေးထားပြီး ဖြစ်သောကြောင့် လိုက်နာဆောင်ရွက်သွားစေလိုကြောင်း၊ ယခုအစည်းအဝေးတွင် စိစစ်အတည်ပြုပြီးသော ကစားသမားများကို ထပ်မံ၍လူစားလဲလှယ်ခြင်း မပြုလုပ်ကြရန်နှင့် ထပ်မံကန့်ကွက်ခွင့် မပြုတော့ပါကြောင်း၊ ပြိုင်ပွဲဝင်အားကစားသမားအနေဖြင့် မိမိတို့အသင်း အောင်နိုင်ရေးအတွက် အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲကျင်းပရေးကော်မတီမှ ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်နှင့် ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်၍ စောဒကတက်ခြင်းများ မပြုကြရန်လိုကြောင်း၊ ချမှတ်ထားသော စည်းကမ်းဘောင်အတွင်း ယှဉ်ပြိုင်ကစားကြရန်၊ ခိုက်ရန်ဖြစ်ပွားခြင်းများ မပြုလုပ်ကြရန်နှင့် ပြုလုပ်သူများအား ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ကို အသင်းအုပ်ချုပ်သူနည်းပြများက အားကစားသမားများကို ကြိုတင်အသိပေး မှာကြားထားရန်လိုကြောင်း၊ ဒိုင်လူကြီးများအနေဖြင့်လည်း ဘက်လိုက်မှုမရှိစေရန် သမာသမတ်ကျကျ တရားမျှတစွာဖြင့် စည်းမျဉ်း/စည်းကမ်းများအတိုင်း ဆုံးဖြတ် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ယခုပြိုင်ပွဲတွင် ဆုရရှိသည့် အားကစားသမားများကို ဆုတံဆိပ်နှင့် ဆုဖလားများအပြင် ဆုကြေးငွေအဖြစ် ပထမဆုငွေကျပ်သိန်း(၂၀)၊ ဒုတိယဆုငွေကျပ်(၁၅)သိန်း၊ တတိယဆုငွေကျပ်(၁၀) သိန်း၊ အကောင်းဆုံးအားကစားသမားဆု တစ်ဆုလျှင်ငွေကျပ်(၁)သိန်းနှုန်းဖြင့် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၁)မှ ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်က ပြိုင်ပွဲဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ အားကစားစီမံကိန်းနှင့် သုတေသနဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးရဲလွင်က အားကစားသုတေသနဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ အားကစားဆေးဘက်ဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထက်ဝေကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံဖူဆယ်အဖွဲ့ချုပ်မှတာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်း/စည်းကမ်းများ၊ ဥပဒေ/နည်းဥပဒေနှင့် ပတ်သက်၍ လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အသင်းအုပ်ချုပ်သူ/နည်းပြများက ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပမှုဆိုင်ရာ ကိစ္စရပ်များ၊ လူတွေ့စစ်ဆေးခြင်း၊ အုပ်စုမဲနှိုက်ခြင်းများ၊ ပွဲစဉ်ဇယားရေးဆွဲခြင်းများကို ပြုလုပ်ခဲ့ကြပြီးအစည်းအဝေးအား ရုပ်သိမ်းခဲ့သည်။

အဆိုပါ ဖူဆယ်ပြိုင်ပွဲကို(၂၄ · ၇ · ၂၀၂၃)မှ (၃၁ · ၂ · ၂၀၂၃)အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ရုံတွင် ပြိုင်ပွဲဝင်အမျိုးသား(၁၅)သင်း၊ အမျိုးသမီး(၁၁)သင်းတို့ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အစည်းအဝေးသို့ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ-၁ မှ ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်၊ အားကစား စီမံကိန်းနှင့် သုတေသနဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးရဲလွင်၊ အားကစားဆေးဘက်ဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထက်ဝေနှင့် ဖူဆယ်အဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများတက်ရောက်ကြသည်။

# အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဥပဒေချုပ် ဦးငွေအောင်၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူးနှင့် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ဝန်ထမ်းများ တွေ့ဆုံပွဲနှင့် ဝန်ထမ်းသက်သာစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကျင်းပ














● ရန်ကုန်၊ ဇူလိုင်လ(၃)ရက်။

အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဥပဒေချုပ် ဦးငွေအောင်၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူးနှင့်အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ဝန်ထမ်းများ တွေ့ဆုံပွဲနှင့် ဝန်ထမ်းသက်သာစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နေ့လယ်(၁၄း၀၀)နာရီတွင်အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ပြည်ထောင်စုခန်းမ၌ကျင်းပရာ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဥပဒေချုပ် ဦးငွေအောင်၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ဒုတိယကျောင်းအုပ်ကြီးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဌာနစိတ်အလိုက် အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း (၂၄၀)ဦး တက်ရောက်ခဲ့ပါသည်။

ပထမဦးစွာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ် ဦးငွေအောင်မှ အဖွင့်အမှာစကားပြောကြားရာတွင် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းသည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအောက်တွင်ရှိပြီး နိုင်ငံအတွက် အလွန်အရေးပါသောကျောင်းတစ်ကျောင်းဖြစ်ပါကြောင်း၊ ကျောင်းတော်ကြီးက အစပြု၍ ပြုစုပျိုးထောင်မွေးထုတ်ပေးသော ကျောင်းသားများသည်နောင်တစ်ချိန်တွင် နိုင်ငံတကာအားကစားပြိုင်ပွဲများ၌ အောင်မြင်မှုများရရှိလာမည့်သူများ ဖြစ်ပါကြောင်း၊ ဒါ့ကြောင့် ကျန်းမာရေးကို အဓိကဂရုစိုက်၍ စိတ်ဓာတ်၊ စည်းကမ်း၊ ခွန်အားများ မြင့်တက်လာအောင် ယခင်ကထက် ပိုမိုကြိုးစားကြရန်လိုအပ်ကြောင်း၊ ကျောင်းတွင်း အားကစားပြိုင်ပွဲများကိုလည်း (၁)လတစ်ကြိမ် ပြုလုပ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း မေတ္တာစေတနာထား၍ မိမိတို့၏တာဝန်များကို စည်းမျဉ်း/ စည်းကမ်းများနှင့်အညီ ပျော်ပျော်ရွှင်ရွှင်၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်လုပ်ကိုင် ဆောင်ရွက်သွားကြရန်၊ နည်းပြများအနေဖြင့်လည်း မိမိတို့၏အတွေ့အကြုံ စိတ်ဓာတ်ကောင်းများကိုအရင်းခံ၍ ကျောင်းသား/ကျောင်းသူများအား စိတ်ဓာတ်ခွန်အားများ

စာမျက်နှာ(၆၂)သို့











(၆.၇. ၂၀၂၃)ရက်နေ့တွင် မွန်ပြည်နယ် လူငယ်ရေးရာကော်မတီနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ပညာရေးဒီဂရီကောလိပ်၌ ကျင်းပပြုလုပ်ရာ အင်အား(၄၅၀)ဦး တက်ရောက်ခဲ့ပြီး မွန်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်မှ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းနှင့် ခြင်းလုံး(၂)လုံးစီ ထောက်ပံ့ပေးအပ်လှူဒါန်း။






စာမျက်နှာ(၆၁)...မှအဆက်

တိုးတက်လာအောင် ပြုစုမွေးထုတ်ပေးရန်လိုအပ်ကြောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ထူးချွန်ထက်မြက်သော အားကစားသမားကောင်းများ ပေါ်ထွက်လာအောင် ကျောင်းသား/ကျောင်းသူ အပါအဝင် ဝန်ထမ်းများ အားလုံးမှ ကာံ၊ ဉာဏ်၊ ဝီရိယ စိုက်ထုတ်၍ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်း အကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဥပဒေချုပ် ဦးဌေးအောင်မှ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ရှိ ဝန်ထမ်းများထံသို့ ငွေကျပ် ၄၇၆၀၀၀၀/-တန်ဖိုးရှိ ဝန်ထမ်းသက်သာ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီးနောက် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပါသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေမှ ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် ဝန်ထမ်းစည်းမျဉ်း/စည်းကမ်း ကျင့်ဝတ်နှင့်အညီ ပြောဆိုနေထိုင်လုပ်ကိုင်ဆောင်ရွက်ပြီး လုံခြုံရေးသတိ၊ ကျန်းမာရေး အသိရှိစွာဖြင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ဌာနစိတ်အလိုက် ဝန်ထမ်းများမှ တင်ပြစရာရှိသည့် အကြောင်းအရာများကို ဆွေးနွေးတင်ပြကြရာ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေမှ ဖြည့်စွက်ဆည်း ဆောင်ရွက်ပေးပြီးနောက် နိဂုံးချုပ် အမှာစကားပြောကြားပြီး ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပစ္စည်း(၆)မျိုးအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

■

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်နှင့် ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ပူးပေါင်း၍ အားကစားအသိပညာပေး ဟောပြောပွဲနှင့် ကျွမ်းဘားအားကစားနည်းသရုပ်ပြပွဲ အခမ်းအနားကျင်းပ








● တောင်ကြီး၊ ဇူလိုင်(၁၀)ရက်။

မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်နှင့် ရှမ်းပြည်နယ်၏ အားကစား ဖွံ့ဖြိုးတိုးတက်ပြီး ကျောင်းသား/ကျောင်းသူ လူငယ်များ ကျွမ်းဘား အားကစားနည်းကို စိတ်ပါဝင်စားလာစေရန် အတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်နှင့် ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျွမ်းဘားအားကစားနည်းအခြေခံ နည်းစနစ်များ ဟောပြောပွဲနှင့် သရုပ်ပြပွဲ အခမ်းအနားအား ယနေ့နံနက်(၉)နာရီက တောင်ကြီးမြို့၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နံနက်(၉)နာရီအချိန်တွင် အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး)၌လည်းကောင်း၊ နေ့လယ် (၁၄း၀၀)အချိန်တွင် အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း၌လည်းကောင်း ဟောပြောပွဲကျင်းပရာတွင် မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်နီနီအောင်က ကျွမ်းဘားအားကစားနည်း၏ အခြေခံ နည်းစနစ်များနှင့် မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများ၊ ကျန်းမာကြံ့ခိုင်ရေး အတွက် အားကစားလုပ်ဆောင်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများအား အသိပညာပေး ဟောပြောခဲ့ပြီးနောက် မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်မှ အားကစားသမားများက ကျွမ်းဘားအားကစားနည်း အခြေခံ နည်းစနစ်များဖြင့် သရုပ်ပြကစားခဲ့ကြသည်။

ကျွမ်းဘား အားကစားနည်း အခြေခံနည်းစနစ်များ ဟောပြောပွဲနှင့် အခြေခံနည်းစနစ်များ သရုပ်ပြပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ် နာယက ဦးမြင့်အောင်၊ ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ကျောင်းသား/ကျောင်းသူစုစုပေါင်း(၁၇၀၀)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။









(၁၇.၇.၂၀၂၃)ရက်နေ့တွင် သစ်တော၊ သစ်ပင်များ စိုက်ပျိုးရခြင်းသည် ရာသီဥတုပြောင်းလဲမှု၏ အပြန်အလှန် အကျိုးဖြစ်ထွန်းမှု ဂေဟစနစ်များ တိုးတက်လာစေရန်၊ ကျောင်းဝင်းအတွင်း စိမ်းလန်းစိုပြေစေရန်နှင့် နှစ်ရှည်ပင်များ၊ သီးပင် စားပင်များ၊ အရိပ်ရပင်များ ဖြစ်ထွန်းစေရန် ရည်ရွယ်၍ အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)၏ ၂၀၂၃ ခုနှစ်၊ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် (၈)နာရီအချိန်တွင် အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)ကျောင်းဝင်းအတွင်း၌ ကျင်းပ၍ သရက်ပင်(၅၀)၊ စိန်ပန်းပြာ(၅၀)၊ ထောပတ်(၅၀)၊ ထင်းရှူး(၅၀)နှင့် ခါတော်မီ (၅၀) စုစုပေါင်း(၂၅၀)ပင်အား စုပေါင်းစိုက်ပျိုး။











(၂၄.၇.၂၀၂၃)ရက်နေ့တွင် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၌ လစဉ်ဆန္ဒထုတ်ဖော်ပွဲ(ဒါဘာ)ကျင်းပခြင်းနှင့်ဝန်ထမ်းများ၊ သင်တန်းသား/သူများအတွက် ဇမ္ဗူရာဇ်ဆေးကုမ္ပဏီမှ CEVIN-500 အားဆေးဘူး(၃၆၀)ဘူးတို့အား ပေးအပ်လှူဒါန်း။

# အားကစားနှင့် ကာယပညာသိပ္ပံ(လှိုင်ကော်) တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ(ဒါဘာ)အခမ်းအနားကျင်းပ





● လှိုင်ကော်၊ ဇူလိုင်လ(၂၅)ရက်။

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့်ကာယ ပညာဦးစီးဌာန၊ အားကစားနှင့်ကာယ ပညာသိပ္ပံ (လှိုင်ကော်)တွင် ယနေ့ နံနက်(၁၀း၃၀) နာရီအချိန်တွင် အားကစားနှင့် ကာယပညာသိပ္ပံ (လှိုင်ကော်) အစည်းအဝေးခန်းမ၌ ဝန်ထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ(ဒါဘာ)အခမ်းအနားအား ကျင်းပ ပြုလုပ်ခဲ့ရာ အားကစားနှင့်ကာယ ပညာသိပ္ပံ(လှိုင်ကော်)ကျောင်းအုပ်




ကြီး၊ ဒုတိယကျောင်းအုပ်ကြီးများနှင့် အရာထမ်း(၁၄)ဦး၊ အမှုထမ်း (၅၈) ဦး၊ စုစုပေါင်း (၇၂)ဦး တက်ရောက်ခဲ့ ပါသည်။

အခမ်းအနားတွင် ကျောင်းအုပ် ကြီးမှ အဖွင့်အမှာစကားပြောကြားပြီး ဒုတိယကျောင်းအုပ်ကြီး (၁)ဦးနှင့် လက်ထောက်ညွှန်ကြားရေးမှူးများမှ ရှင်းလင်းဆွေးနွေး၍ ကျောင်းအုပ်ကြီး မှ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ ကြောင်း သိရှိရပါသည်။

# အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်) ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်က ဝန်ထမ်းများနှင့် လစဉ်တွေ့ဆုံ ဆန္ဒဖော်ထုတ်ပွဲ(ဒါဘာ) အခမ်းအနား ကျင်းပ






● မော်လမြိုင်၊ ဇူလိုင်လ(၂၅)ရက်။

အားကစားနှင့် ကာယပညာဦးစီး ဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)တွင် ဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ လစဉ်တွေ့ဆုံ ဆန္ဒဖော်ထုတ်ပွဲ(ဒါဘာ) အခမ်းအနားကို ယနေ့ မွန်းလွဲ (၁၄း၀၀)နာရီအချိန်တွင် အားကစား နှင့် ကာယပညာသိပ္ပံ(မော်လမြိုင်) အုပ်ချုပ်မှုရုံး စုပေါင်းခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ရာ အားကစားနှင့်ကာယ



ပညာသိပ္ပံ(မော်လမြိုင်) ကျောင်းအုပ် ကြီး၊ ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်က အဖွင့်အမှာစကား ပြောကြားရာတွင် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီး ဌာန၏ ဆောင်ပုဒ်တစ်ခုဖြစ်သော ကျန်းမာရေးသည်ပထမ၊ စည်းကမ်း သည် ဒုတိယ၊ စံချိန်သည် တတိယ ဆိုသည့်အတိုင်း ဝန်ထမ်းများအနေ ဖြင့် ကျန်းမာရေးကို အထူးဂရုစိုက်ရန် လိုကြောင်းနှင့် ဝန်ထမ်းများ ကျန်းမာ

စာမျက်နှာ(၆၆)သို့ ▶



(၂၉၇၂၀၂၃)ရက်နေ့ နံနက်(၆)နာရီအချိန်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)ရှိ သင်တန်းသား/သူများအား အားကစားအရည်အချင်း ကိုယ်ကာယကြံ့ခိုင်သန်စွမ်းမှု တိုးတက်ခြင်း ရှိ/မရှိ သိရှိနိုင်ရေးအတွက် ကြံ့ခိုင်စွမ်းရည်(၅)မျိုး မီတာ(၁၀၀)၊ လက်ထောက်တွန်းတင်၊ အိပ်ထမတင်၊ ရပ်လျက်အလျားခုန်၊ မီတာ(၈၀၀/၄၀၀) စစ်ဆေးခြင်းများပြုလုပ်။

# မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်၏ နှစ်(၇၀)ပြည့် အထိမ်းအမှတ် ရိုးရာခြင်းလုံးအလှခတ်ပွဲ ပုသိမ်မြို့၌ကျင်းပ

● ပုသိမ်၊ ဇူလိုင်(၈)ရက်။

မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်၏ နှစ်(၇၀)ပြည့်အထိမ်းအမှတ် ရိုးရာခြင်းလုံး အလှခတ်ပွဲကို ယနေ့ မွန်းတည့်(၁၂)နာရီကပုသိမ်မြို့ မြို့မခြင်းလုံးအားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်းသောင်းက အဖွဲ့ချုပ်၏ လုပ်ငန်းအစီအစဉ်များ၊ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။



ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးကျော်လွင်က ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်နှင့် တာဝန်ရှိသူများက အသက်(၇၅)နှစ်အထက် ခြင်းလုံး အားကစားသမားများအား ဂါရဝပြု လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ပုသိမ်မြို့မခြင်းလုံး အားကစားရုံ ကိုယ်စား ဦးလှမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်၏ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ရိုးရာခြင်းလုံး အလှခတ်မှုများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ(၆၅)မှအဆက်

ရေးကောင်းမွန်စွာဖြင့် စုံစုံလင်လင်တွေ့ရသဖြင့် ဝမ်းသာမိပါကြောင်း၊ မိမိအနေဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့၏ လမ်းညွှန်ချက်များအား ဝန်ထမ်းများအားလုံးကို ထပ်ဆင့်ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန၏လမ်းညွှန်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဝန်ထမ်းများအား အဆင့်ဆင့် အသိပေးထားပြီးဖြစ်၍ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်ချက်များမှ ဝန်ထမ်းများနှင့်သက်ဆိုင်သည့် အချက်များကို ထပ်ဆင့်ရှင်းလင်းအသိပေးသွားမည် ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုံခြုံရေးနှင့် ပတ်သက်ပြီး အထူးဂရုစိုက်ရန်လိုကြောင်းနှင့်လုံခြုံရေးအသိ၊ လုံခြုံရေးသတိ အမြဲရှိရန်လိုကြောင်း၊ သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်မရရှိဘဲ မိမိတို့ရုံးစိုက်ရာ ဒေသမှ အခြားဒေသသို့ကျော်လွန်၍ ခရီးသွားလာခြင်းမပြုလုပ်ရန် လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် မော်တော်ယာဉ်များ စီးနင်းရာတွင် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းများကို လိုက်နာဂရုစိုက်ရန်လိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုများနှင့် ရောင်းဝယ်ဖောက်ကားရာတွင် ဝန်ထမ်းများပါဝင်ပတ်သက်မှုမရှိစေရန် လိုကြောင်း၊ မိမိတို့ဌာနနှင့် ပတ်သက်သည့် data အချက်အလက်များကို မှန်ကန်စွာစိစစ်ပြီးမှ တင်ပြရန်လိုကြောင်း၊ မိမိတို့ဌာန၏ တင်ပြချက်များအား ထိထိမိမိနှင့် ကြိုတင်ပြင်ဆင်လေ့ကျင့်ပြီးမှ တင်ပြနိုင်ရန်လိုကြောင်း၊ သတ်မှတ်ထားသည့် ဌာနယူနီဖောင်းများအား တိတိကျကျ ဝတ်စားဆင်ယင်ရန်လိုကြောင်းမိမိတို့ဌာန၏ Power Point များအား သပ်သပ်ရပ်ရပ်နှင့် Update ဖြစ်ရန်၊ မှန်ကန်မှုရှိရန် လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ကိုယ်ပိုင်ယာဉ်များတွင် ယာဉ်နံပါတ်ပြားအသစ် လဲလှယ်ရန် ကျန်ရှိနေပါက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ဆက်သွယ်ပြီး အသစ်ပြန်လည်လဲလှယ်တပ်ဆင်ရန်လိုကြောင်း ပြောကြားသွားပါသည်။

ထို့နောက် အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)၊ ဌာနစိတ်အလိုက် ဝန်ထမ်းများမှ တင်ပြစရာရှိသည့် အကြောင်းအရာများ ဆွေးနွေးတင်ပြခြင်းတွင် ဝန်ထမ်းများမှတင်ပြစရာမရှိသည့်အတွက် အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်) ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)၊ ဒုတိယကျောင်းအုပ်ကြီးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ အရာထမ်း/အမှုထမ်း စုစုပေါင်း(၉၂)ဦး တက်ရောက်ခဲ့ကြပြီး ဒါဘာအပြီးတွင် ကြာဇံဟင်းခါး (ကြက်သားကြာဇံချက်)များကို သုံးဆောင်ခဲ့ကြကြောင်း သိရှိရပါသည်။

# (၃၆)ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ကမ္ဘာ့ပိုက်ကျော်ခြင်း ချန်ပီယံရှစ်ပြိုင်ပွဲ မြန်မာအားကစားအဖွဲ့ ယှဉ်ပြိုင်ရန်ထွက်ခွာ




● ရန်ကုန်၊ ဇူလိုင်လ(၈)ရက်။

ထိုင်းနိုင်ငံ၌ ဇူလိုင်လ(၉)ရက်နေ့မှ (၁၆)ရက်နေ့အထိ ကျင်းပမည့် (၃၆)ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ကမ္ဘာ့ပိုက်ကျော်ခြင်း ချန်ပီယံရှစ် (36th King Cup Speak Takrow World Championship 2023) ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့သည် ယနေ့နံနက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာပိုက်ကျော်ခြင်း အားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်တစ်ဦး၊ နည်းပြ သုံးဦး၊ အားကစားသမား အမျိုးသား(၁၁)ဦး၊ အမျိုးသမီး(၁၂)ဦးတို့ပါဝင်ပြီး နှစ်ယောက်တွဲ၊ သုံးယောက်တွဲပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ဘရာဇီးနိုင်ငံ၊ နယူးဇီလန်နိုင်ငံတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

# 25th ASIAN Athletics Championship 2023 Thailand သို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာပြေးခုန်ပစ်အားကစားအဖွဲ့ ထွက်ခွာ



● ရန်ကုန်၊ ဇူလိုင်လ(၁၁)ရက်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၁၂)ရက်မှ (၁၆)ရက်အထိ ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်သော 25th ASIAN Athletics Championship 2023 Thailand သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် သန်းထိုက်စိုး(မီတာ ၅၀၀၀)၊ ပြည့်ဖြိုးထွန်း (၂၀ ကီလိုမီတာ လမ်းလျှောက်)နှင့် ဦးသြဂတ်စတင်း(နည်းပြ)တို့(၃)ဦး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာ၍ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက လေဆိပ်သို့ လိုက်လံပို့ဆောင်ခဲ့ကြောင်း သိရှိရသည်။

# (၁၁)ကြိမ်မြောက် U-12 Junior Soccer World Challenge 2023 ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၂ ကစားသမားရွေးချယ်ပွဲ (ရန်ကုန်ဇုန်)ကျင်းပ

● ရန်ကုန်၊ ဇူလိုင်လ(၁၄)ရက်။

ဂျပန်နိုင်ငံ ချီဘားမြို့၌ ဩဂုတ် ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် (၁၁)ကြိမ်မြောက် U-12 Junior Soccer World Challenge 2023 ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၂ ကစားသမားရွေးချယ်ပွဲ (ရန်ကုန်ဇုန်) ပထမနေ့ကို ယနေ့နံနက်ပိုင်းက သုဝဏ္ဏ လေ့ကျင့်ရေးကွင်း-၁ ၌ ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော် ဖိတ်ကြားထားသော ဧည့်သည်တော်များ လာရောက်ရွေးချယ်ခံသည့် ကစားသမားများနှင့် မိသားစုဝင်များ တက်ရောက်ကြည့်ရှု အားပေးခဲ့သည်။

ရန်ကုန်ဇုန် လူရွေးပွဲကို ဒေသအသီးသီးမှ လူငယ်ကစားသမား (၁၅၀)ကျော် လာရောက်ရွေးချယ်ခံခဲ့ပြီး အသင်းခြောက်သင်းခွဲကာ

စာမျက်နှာ(၆၈)သို့



# အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း တတိယနေရာရရှိ





● ရန်ကုန်၊ ဇူလိုင်လ(၁၅)ရက်။

၂၀၂၃အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ တတိယနေရာလုပွဲကို ဇူလိုင် ၁၅ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း ပင်နယ်တီအဆုံးအဖြတ်တွင် အနိုင်ရရှိပြီး တတိယနေရာရရှိခဲ့သည်။

မြန်မာအသင်းသည် တတိယနေရာလုပွဲတွင် အိမ်ရှင် အင်ဒိုနီးရှားအသင်းနှင့် တွေ့ဆုံခဲ့ပြီး သာမန်ပွဲကစားချိန် မိနစ် ၉၀ တွင် တစ်ဂိုးစီ သရေကျနေသဖြင့် ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ မြန်မာအသင်းက လေးဂိုး-နှစ်ဂိုး စုစုပေါင်း ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မိနစ် ၃၀ တွင် ယဉ်လွန်းအိမ်က မြန်မာအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သော်လည်း ၄၉ မိနစ်တွင် အင်ဒိုနီးရှားအသင်းက ပင်နယ်တီမှတစ်ဆင့် ချေပဂိုး ပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဂိုးထပ်မသွင်းနိုင်သဖြင့် တစ်ဂိုးစီ သရေကျခဲ့ပြီး အချိန်ပိုမကစားဘဲ ပင်နယ်တီဖြင့် တိုက်ရိုက်ဆုံးဖြတ်ခဲ့သည်။ပင်နယ်တီကန်သွင်းရာတွင် မြန်မာအသင်းက လေးလုံးစလုံး ဂိုးဝင်ခဲ့ပြီး အင်ဒိုနီးရှားအသင်းက လေးလုံးကန်ရာတွင် နှစ်ဂိုးသာ သွင်းခဲ့သဖြင့် မြန်မာအသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ပင်နယ်တီဂိုးများကို သီဂီထွေး၊ စန္ဒာလင်း၊ ဖြူဖြူဝင်းနှင့် ဖြူဖွေးတို့က ကန်သွင်းယူခဲ့သည်။ ■

# ခြောက်နိုင်ငံဖိတ်ခေါ် စီနီယာစကိတ်ပြိုင်ပွဲ မြန်မာ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ် နှစ်ခုရရှိ

● ရန်ကုန်၊ ဇူလိုင်လ(၂၄)ရက်။

အာရှSpeed Skating Technical အဖွဲ့၏ ဖိတ်ခေါ်မှုဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သော ခြောက်နိုင်ငံ ဖိတ်ခေါ် စီနီယာစကိတ် (Arsec-Asia Inline Speed Skating Challenge 2023)ပြိုင်ပွဲတွင် မြန်မာစကိတ်အားကစားသမားများက ရွှေနှစ်ခု၊ ငွေနှစ်ခု ဆွတ်ခူးရရှိခဲ့သည်။




အဆိုပါပြိုင်ပွဲတွင် မြန်မာကိုယ်စားပြုစကိတ်အသင်းမှ မောင်အောင်ကျော်ဇင် (Team Phoenix) က မီတာ ၅၀၀ တွင် ရွှေတစ်ခု၊ မီတာ ၁၀၀၀ တွင်ငွေတစ်ခု၊ မောင်ခင်လှိုင် (တွံတေးစကိတ်အသင်း)မှ မီတာ ၁၀၀၀ အပြေးတွင် ရွှေတစ်ခု၊ မီတာ ၅၀၀ တွင် ငွေတစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင် ထိုင်း၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ကမ္ဘောဒီးယား၊ မြန်မာ နိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

▶ စာမျက်နှာ(၆၇)၏ ••မှအဆက်

လူရွေးပွဲများ ယှဉ်ပြိုင်ကစားစေခြင်းဖြစ်သည်။

ရန်ကုန်ဇုန် လူရွေးပွဲကို နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ပြီး ဒုတိယနေ့ကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းတွင် ဆက်လက် ကျင်းပမည်ဖြစ်သည်။ လူရွေးပွဲကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် နှစ်နေရာခွဲ၍ ကျင်းပမည်ဖြစ်ပြီး မန္တလေးဇုန် လူရွေးပွဲကို မန္တလေးမြို့ရှိ မြန်မာဘောလုံးအကယ်ဒမီတွင် ဇူလိုင် ၁၆၊ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ရန်ကုန်ဇုန်နှင့် မန္တလေးဇုန် လူရွေးပွဲအပြီးတွင် U-12 Junior Soccer World Challenge 2023 ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ- ၁၂ လူငယ်လက်ရွေးစင်အတွက် အပြီးသတ်ကစားသမားများ ရွေးချယ်သွားမည်ဖြစ်သည်။ U-12 Junior Soccer World Challenge 2023 ပြိုင်ပွဲတွင် ဥရောပကလပ်များဖြစ်သည့် ဘာစီလိုနာလူငယ်၊ ဂျူဗင်တပ်လူငယ်၊ ဘိုင်ယန်မြူးနစ်လူငယ်၊ ဂျေလိဂ်လူငယ်ကလပ်များ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အာဆီယံဒေသတွင် လက်ရှိအချိန်ထိ မြန်မာ ယူ-၁၂ အသင်းသာ ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းသွင်းခံထားရပြီး မကြာမီ ပြိုင်ပွဲဝင်အသင်း ၃၂ သင်း စာရင်းအား ထုတ်ပြန်သွားမည်ဖြစ်သည်။ မြန်မာ ယူ-၁၂ အသင်း၏ ဂျပန်ခရီးစဉ်အား AYA Bank က ပံ့ပိုးကူညီသွားမည်ဖြစ်ပြီး ဥရောပထိပ်သီးကလပ်အသင်းများမှ လူငယ်အသင်းများ၊ ဂျေလိဂ်လူငယ်ကလပ်အသင်းများ ပါဝင်ယှဉ်ပြိုင်မည် ဖြစ်သောကြောင့် မြန်မာလူငယ်ကစားသမားများအတွက် အကျိုးရှိမည့် ပြိုင်ပွဲလည်းဖြစ်သည်။


















● နေပြည်တော်၊ ဇူလိုင်လ(၂၈/၂၉)ရက်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ မြန်မာ့အားကစားလုပ်ရှားမှုများပြခန်းအတွင်းရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် မြန်မာ့အားကစား လုပ်ရှားမှုများပြခန်းအား လည်းကောင်း၊ မြန်မာ့အားကစား မော်ကွန်းခန်းမအတွင်းရှိ မှတ်တမ်းတင် ထားရှိထားသော နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ ပုံတူရုပ်ထုများအား(၂၈. ၇. ၂၀၂၃) ရက်နေ့တွင် ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မွန်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့မှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများကလည်းကောင်း၊ (၂၉.၇.၂၀၂၃) ရက်နေ့တွင် အခြေခံပညာဦးစီးဌာန၊ ကာယပညာနှင့် အားကစားအခြေခံ နည်းပြသင်တန်း အမှတ်စဉ်(၂၁)မှ အုပ်ချုပ်/နည်းပြများနှင့် သင်တန်းသား/သင်တန်းသူ စုစုပေါင်း(၄၈၀)ဦးတို့က လည်းကောင်း လာရောက်ကြည့်ရှုလေ့လာခဲ့ရာ ပြခန်းတာဝန်ရှိသူမှ သိရှိမေးမြန်းလိုသည်များကို လိုက်လံရှင်းလင်းဖြေကြား။

စာမျက်နှာ(၇၀)သို့

# 7th National Sports Recreation Festival 2023 နှင့် ASEAN Sports Day 2023 အထိမ်းအမှတ် ပွဲတော်များသို့ တက်ရောက်ရန် ပြည်ပထွက်ခွာ

● ရန်ကုန်၊ ဇူလိုင်လ(၁)ရက်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၂)ရက်နေ့မှ(၄)ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ Bandung မြို့တွင် ကျင်းပပြုလုပ်မည့် 7th National Sports Recreation Festival 2023 နှင့် ASEAN Sports Day 2023 အထိမ်းအမှတ် ပွဲတော်များသို့ တက်ရောက်ရန် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ဒေါ်အိသန္တာဝင်း(လက်ထောက် ညွှန်ကြားရေးမှူး)၊ ဒေါ်သက်ထားနွယ်(အားကစားမှူး)၊ ဒေါ်မို့မို့ဟိန်းကိုကို(အားကစားမှူး)၊ ဒေါ်ချယ်ရီဖော (အားကစားမှူး)နှင့် ဒေါ်ပိုးပိုးဆက်(ဌာနခွဲစာရေး)တို့သည် ယနေ့ည (၁၉း၀၀)နာရီအချိန်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သိရှိရသည်။







၂၀၂၃ ခုနှစ် ဇူလိုင်လ(၂၆)ရက်နေ့မှ(၂၇)ရက်နေ့အထိ စင်ကာပူသမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်မည့် အာရှဒေသနှင့် သမုဒ္ဒရာပိုင်းဆိုင်ရာ တားမြစ်ဆေးဝါးသုံးစွဲမှုဆန့်ကျင်ရေးပညာပေးဆွေးနွေးပွဲ(Asia/ Oceania Anti-Doping Education Symposium ) သို့ တက်ရောက်ရန် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိဒေါ်ခင်စန္ဒာအောင်နှင့်နည်းပြ/နည်းစနစ် ဦးအောင်ထက်နိုင်တို့သည် ယနေ့နံနက်(၈း၂၀)နာရီတွင် လေယာဉ်အမှတ် 8M - 231 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာ။

▶ စာမျက်နှာ(၆၉)･･･မှအဆက်





















ကျောဖုံးသတင်း • • • မှအဆက်

တတိယဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းအား လည်းကောင်း၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ဒုတိယဆုရရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းအားလည်းကောင်း၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးက ပထမဆုရရှိသည့် ပညာရေးဝန်ကြီးဌာန(က) အသင်းအားလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ပထမဆုရရှိသည့် ပညာရေးဝန်ကြီးဌာန(က)အသင်းအား တံခွန်စိုက်ဆုဖလားနှင့်ဂုဏ်ပြုဆုငွေကျပ်သိန်း(၁၀၀)ကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင် အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

၂၀၂၃ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲအသင်း ၁၁ သင်းတို့ဖြင့် အုပ်စု ၃ အုပ်စုခွဲကာ ဇွန် ၂၂ ရက်မှ ယနေ့အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

■

# နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်

● ရန်ကုန်၊ ဇူလိုင်လ(၄)ရက်။

တက္ကသိုလ်လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်ဆီသို့ ဟူသော ဦးတည်ချက်ဖြင့် ကျင်းပလျက်ရှိသည့် ၂၀၂၃ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ကျင်းပသည့် ဗိုလ်လုပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အသင်းများမှ အုပ်ချုပ်သူနှင့် နည်းပြများ၊ အားကစားသမားများ၊ တက္ကသိုလ် ကျောင်းသားကျောင်းသူ၊ ဆရာဆရာမများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။




ညနေ ၃ နာရီတွင် ၂၀၂၃ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ၏ နောက်ဆုံး ဗိုလ်လုပွဲအဖြစ် ပညာရေးဝန်ကြီးဌာန(က) အသင်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာန(က) အသင်းက ၆ ဂိုး ၁ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး တံခွန်စိုက်ဆုဖလားကြီးကို ဆွတ်ခူးရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒေါက်တာကျော်ထွန်းက အကောင်းဆုံးဂိုးသမားဆုရရှိသည့် ပညာရေးဝန်ကြီးဌာန(က)အသင်းမှ ဂိုးသမား စောကျော်ခန့်နိုကို လည်းကောင်း၊ ကောင်စီဝင် ဒေါက်တာအောင်ကျော်မင်းက အကောင်းဆုံး နောက်တန်းကစားသမားဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းမှ ခွန်ဝင်းကျော်ကိုလည်းကောင်း၊ ကောင်စီဝင် ဒေါက်တာမှုထန်က အကောင်းဆုံး အလယ်တန်းကစားသမားဆုရရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းမှ ထက်မြတ်မင်းကိုလည်းကောင်း၊ ကောင်စီဝင် ဦးမောင်ကိုက အကောင်းဆုံးရှေ့တန်းကစားသမားဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းမှ ကိုကိုလင်းကိုလည်းကောင်း၊ ကောင်စီဝင် မန်းငြိမ်းမောင်က ဂိုးသွင်းအများဆုံး ကစားသမားဆုရရှိသည့် ပညာရေးဝန်ကြီးဌာန(က)အသင်းမှ ဇော်ဇော်ထိုက်ကိုလည်းကောင်း၊ ကောင်စီဝင် ပိုးရယ်အောင်သိန်းက ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆုရရှိသည့် ပညာရေးဝန်ကြီးဌာန(က)အသင်းမှ သန်းမြတ်စိုးကိုလည်းကောင်း တစ်ဦးချင်းအကောင်းဆုံးဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က

စာမျက်နှာ(၇၁)သို့



